# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## စီးပွားရေးသံမှူး သတင်းလွှာ

2(3/2022)


## ဇိုခေါသာ အကောက်ခွန်စစ်ဆေးရေးစခန်းအား အဆင့်မြှင့်တင်ရန် အိန္ဒိယအစိုးရက ရန်ပုံငွေချမှတ်

မီဇိုရမ်ပြည်နယ်၊ Champhai ခရိုင်အတွင်း အိန္ဒိယ- မြန်မာ နှစ်နိုင်ငံ နယ်စပ်ရှိ ဇိုခေါသာ အကောက်ခွန်စစ်ဆေးရေးစခန်း (Zokhawthar Land Customs Station) ၌ သယ်ယူပို့ဆောင်မှု၊ အခွန်ကောက်ခံမှု၊ လူဝင်မှုကြီးကြပ်ရေး၊ ကုန်စည်ကိုင်တွယ်မှုနှင့် အခြားဝန်ဆောင်မှုများ ဆောင်ရွက်ရာတွင် ပိုမိုအားကောင်းလာစေရန် ရည်ရွယ်လျက် အဆိုပါ နယ်စပ်ကုန်သွယ်ရေးစခန်းအား အဆင့်မြှင့်တင်မည့် လုပ်ငန်းများ၌ ရူပီးငွေ ၁၅ ကုဋေကျခံသုံးစွဲရန် အိန္ဒိယအစိုးရက ခွင့်ပြုမိန့်ချမှတ်ခဲ့ကြောင်း သိရှိရပါသည်။ မီဇိုရမ်ပြည်နယ် ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီး Dr. R. Lalthangliana က မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် ၎င်းတို့ပြည်နယ်အကြား နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူချောမွေ့စေရန် ဗဟိုအစိုးရသည် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ချန်ဖိုင်ခရိုင်၊ ဇိုခေါသာကျေးရွာရှိ အင်ဒို-မြန်မာနယ်စပ်ကုန်သွယ်ရေးစခန်း၏ လုပ်ငန်းဆောင်ရွက်မှုများ ခိုင်မာအားကောင်းစေရေးအတွက် လုံလောက်သည့် အစီအမံများကို ဗဟိုအစိုးရက ချမှတ်ထားရှိကြောင်း၊၎င်းစခန်း၌ တာဝန်ထမ်းဆောင်မည့် အရာထမ်း၊ အမှုထမ်းများအတွက် နေအိမ်ဆောက်လုပ်ရာတွင် ဗဟိုအစိုးရ၏ ရန်ပုံငွေများကို အသုံးပြုမည်ဖြစ်ကြောင်း ပြည်နယ်လွှတ်တော်၌ လက်ရှိအနိုင်ရပါတီဖြစ်သော Mizo National Front ပါတီမှ ဥပဒေပြုလွှတ်တော်အမတ်ဖြစ်သူ Mr. Z R Thiamsanga ၏ မေးမြန်းချက်အပေါ် ဖြေကြားခဲ့သည်။

ဗဟိုအစိုးရမှ ခွင့်ပြုမိန့်ချမှတ်ခဲ့သော အဆိုပါရန်ပုံငွေကို ဇိုခေါသာ အကောက်ခွန်စစ်ဆေးရေးစခန်းရှိ အိမ်ရာများ၊ လူဝင်မှုစစ်ဆေးရေးစခန်းများ၊ တိရစ္ဆာန်များ သီးသန့်ခွဲခြားထားရှိရေး စခန်းများ၊ သီးနှံကာကွယ်ရေး ခေတ်ခွဲခန်းများ၊ အစားအစာခေတ်ခွဲခန်းများ၊ ယာဉ်နှင့်ကုန်သေတ္တာများ၏ အလေးချိန်ကို ချိန်တွယ်သည့်ကတ္တားများနှင့် သိုလှောင်ရုံများစသည့် အခြေခံ အဆောက်အအုံများအား အဆင့်မြှင့်တင် တည်ဆောက်ရာတွင် အသုံးပြုမည်ဖြစ်သည်။ အခြားတစ်ဖက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်နိမိတ်ထိစပ်လျက်ရှိသော Lunglei ခရိုင်ရှိ Kawrpuichhuah ဒေသတွင် စုပေါင်းစစ်ဆေးရေးစခန်းအဖြစ် အဆင့်မြှင့်တင်ရန် အဆိုပြုထားသော မြေနေရာအား ပြုပြင်ခြံစည်းရိုးခတ်ခြင်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းစီမံကိန်း၏ အသေးစိတ်အစီရင်ခံစာကို ပြည်ထဲရေးဝန်ကြီးဌာနရှိ အိန္ဒိယ

**စီးပွားရေးသံမှူးများ**
**တာဝန်ထမ်းဆောင်သောနိုင်ငံများ**

**India**

**USA**

**Belgium**

**Japan**

**China(Hong Kong)**

**Thailand**

**Singapore**

**Korea**

**China(Beijing)**

**China(Nanning)**

**China(Kunming)**

**South Africa**

**Australia**

**Germany**

**Brazil**


**CONTACT US**

**ကုန်သွယ်မှုသတင်းအချက်အလက်နှင့်**
**သုတေသနဌာနခွဲ၊**
**မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး**
**ဝန်ကြီးဌာန၊**
**ရုံးအမှတ်(၃)၊ဥတ္တရသီရိမြို့နယ်၊**
**နေပြည်တော်**

**ဖုန်း – 0673408624**
**0673408645**

**e-mail-tirnpt2020@gmail.com**

ကုန်းတွင်းဆိပ်ကမ်းများ ကြီးကြပ်မှုအာဏာပိုင်အဖွဲ့(Land Ports Authority of India) က အတည်ပြုထားပြီးဖြစ်ကြောင်း၊ ထို့အပြင် Lunglei ခရိုင်အတွင်း နယ်စပ်ဈေး ၁ ခုနှင့် Mamit ခရိုင်အတွင်း နယ်စပ်ဈေး ၃ ခုတို့ကို ဖွင့်လှစ်နိုင်ရေးအတွက် ဗဟိုအစိုးရသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ သက်ဆိုင်ရာအာဏာပိုင်များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း Dr. R. Lalth –angliana က ပြည်နယ်လွှတ်တော်၌ ပြောကြားခဲ့သည်။

Source: Centre Sanctions Rs 15 Crores for Strengthening 'Land Customs Station' at Zokhawthar Hamlet, 3-3-2022, Northeast Today (စီးပွားရေးသံမှူး-အိန္ဒိယ)

## စားသုံးဆီတင်သွင်းနိုင်မည့် အရင်းအမြစ်များ အိန္ဒိယအစိုးရက လေ့လာလျက်ရှိ

ပြည်တွင်းသို့ နေကြာဆီများ အဓိကဝယ်ယူတင်သွင်းသည့် ကုန်သွယ်ဘက်နိုင်ငံဖြစ်သော ယူကရိန်းနိုင်ငံထံမှ သွင်းအားစုပြတ်လပ်မှုနှင့် ကြုံတွေ့နေရချိန်၌ စားသုံးဆီဖူလုံမှုရှိစေရေးအတွက် အိန္ဒိယအစိုးရသည် တောင်အမေရိကဒေသနှင့် အရှေ့တောင်အာရှဒေသရှိ နိုင်ငံများနှင့် ဆွေးနွေးညှိနှိုင်းမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရှိရပါသည်။ ပြည်တွင်း၌ အရန်စားသုံးဆီများ စုဆောင်းထားရှိသော်လည်း အစိုးရအနေဖြင့် စားသုံးဆီတင်သွင်းရန်အတွက် အခြားသော အရင်းအမြစ်များကို လေ့လာရှာဖွေလျက်ရှိသည်ဟု အိန္ဒိယစားသုံးသူရေးရာဝန်ကြီးဌာနမှ အမည်မဖော်လိုသူ အရာရှိတစ်ဦးက ပြောကြားကြောင်း အိန္ဒိယ Economic Times သတင်းဌာနက ဖော်ပြပါသည်။ နိုင်ငံတကာနေကြာဆီအသင်းမှ ဥက္ကဋ္ဌဖြစ်သူ Mr. Sandeep Bajoria က အိန္ဒိယနိုင်ငံ၏ လစဉ်နေကြာဆီစားသုံးမှုမှာ တန်ချိန် ၂ သိန်းခန့်ရှိကြောင်း၊ ဖေဖော်ဝါရီလအတွင်း အိန္ဒိယသို့ တင်ပို့သည့် နေကြာဆီပမာဏမှာ တန်ချိန် ၁.၅ သိန်းခန့်ရှိသော်လည်း မတ်လအတွက်မူ မှန်းဆရန်ခက်ခဲကြောင်း၊ အိန္ဒိယနိုင်ငံအတွက် နေကြာဆီ ပိုမိုဝယ်ယူတင်သွင်းရန် ရွေးချယ်နိုင်သည့် အခြားသော ဈေးကွက်မှာ အာဂျင်တီးနားနိုင်ငံဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် အာဂျင်တီးနားမှ နေကြာဆီတင်သွင်းရန် စာချုပ်များချုပ်ဆိုမှုကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ အကယ်၍ အိန္ဒိယနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ရူပီး-ရူဘယ် ငွေကြေးစနစ်ဖြင့် ကုန်သွယ်နိုင်ပါက ရုရှားထံမှ နေကြာဆီ တင်သွင်းရယူနိုင်ချေရှိကြောင်း၊ ရုရှား-ယူကရိန်း နှစ်နိုင်ငံ အပစ်အခတ်ရပ်စဲခဲ့ပါက ယူကရိန်းနိုင်ငံထံမှ နေကြာဆီများ သင်္ဘောတင်ပို့မှုကို ပြန်လည်စတင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောဆိုပါသည်။ ရုရှား-ယူကရိန်း ပဋိပက္ခဖြစ်ပေါ်မှုကြောင့် နေကြာဆီသွင်းအားစုအပိုင်း ပံ့ပိုးမှုပျက်ယွင်းမှုနှင့်အတူ အိန္ဒိယပြည်တွင်း၌ နေကြာဆီဈေးနှုန်းများ မြင့်တက်လျက်ရှိပြီး စားအုန်းဆီနှင့် ပဲပုပ်ဆီတို့၏ ဈေးနှုန်းများသည်လည်း လွန်ခဲ့သောရက်သတ္တပတ် အနည်းငယ်စတင်၍ မြင့်တက်လာခဲ့သည်။ သို့ရာတွင် ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်မှုရှိသော မုန်ညင်းဆီနှင့် မြေပဲဆီ၏ ဈေးနှုန်းများမှာ အထိုက်အလျောက်တည်ငြိမ်လျက်ရှိသည်။ အိန္ဒိယ ဆီကြိတ်ခွဲထုတ်လုပ်ရေးလုပ်ငန်းရှင်များအသင်းမှ အမှုဆောင်ဒါရိုက်တာ Mr. B V Mehta က ပြည်တွင်းဈေးကွက်၌ ဆီမုန်ညင်း တန်ချိန် သိန်း ၁၁၀ ခန့် ထွက်ရှိနိုင်ဖွယ်ရှိကြောင်း၊ ထို့အပြင် ဆီကြိတ်ပဲပုပ်သည်လည်း တန်ချိန် သိန်း ၇၀ မှ သိန်း ၈၀ အထိ ရရှိနိုင်ကြောင်း၊ ရုရှား-ယူကရိန်း ပဋိပက္ခဖြစ်ပေါ်မှုက ပြည်တွင်းဈေးကွက်၌ စားသုံးဆီများ ဈေးနှုန်းမြင့်တက်မှုကို ဖြစ်ပေါ်စေသော်လည်း ကုန်စည်ပြတ်လပ်မှု ဖြစ်ပေါ်နိုင်မည်မဟုတ်ကြောင်း၊ နေကြာဆီအားအစားထိုးသုံးစွဲနိုင်မည့် စားအုန်းဆီများမှာမူ အင်ဒိုနီးရှားနိုင်ငံ၏ ကုန်သွယ်ရေးမူဝါဒပြောင်းလဲမှုကြောင့် ဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်း ပြောဆိုပါသည်။

Source: Government mulls edible oil import options, 8-3-2022, Economic Times (စီးပွားရေးသံမှူး-အိန္ဒိယ)

## ၂၀၂၁-၂၂ ဘဏ္ဍာနှစ်၌ အိန္ဒိယ၏ ပြည်ပသို့ဂျုံတင်ပို့မှု မြင့်တက်လာ

ယူကရိန်းနိုင်ငံနှင့် ရုရှားနိုင်ငံ၏ ပဋိပက္ခဖြစ်မှုက ကမ္ဘာ့ဂျုံတင်ပို့မှုဈေးကွက်ဝေစုအား ၃၀ ရာခိုင်နှုန်းခန့် ရယူထားသည့် ပင်လယ်နက်ဒေသမှ ဂျုံပေးသွင်းမှု ကွင်းဆက်ကို ပံ့ပိုးမှုပျက်ယွင်းစေလျက် ယခုရက်သတ္တပတ်တွင် နိုင်ငံတကာဂျုံဈေးနှုန်းများအား ၁၄ နှစ်တာကာလ၌ အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိစေခဲ့ရာ လွန်ခဲ့သော ရက်အနည်းငယ်အတွင်း အိန္ဒိယကုန်သည်များသည် ပြည်ပသို့ ဂျုံတန်ချိန် ၅ သိန်းအထိ တင်ပို့ရန် အရောင်းအဝယ်စာချုပ်များ ချုပ်ဆိုနိုင်ခဲ့ကြကြောင်း သိရှိရပါသည်။ အိန္ဒိယနိုင်ငံ၌ ရာသီဥတုကောင်းမွန်ခြင်း၊ အထွက်နှုန်းမြင့်မားသည့် မျိုးများအသုံးပြုခြင်း၊ အစိုးရက တောင်သူများသို့ စိုက်ပျိုးရေး အထောက်အပံ့များပေးခြင်းတို့အရ ၅ နှစ်ဆက်တိုက် ဂျုံအထွက်နှုန်းစံချိန်တင် မြင့်တက်ခဲ့ပြီး လက်ရှိကာလတွင် ပြည်တွင်းရှိ သိုလှောင်ရုံများ၌ ဂျုံလက်ကျန် အများအပြား ကျန်ရှိနေပါသည်။ ကမ္ဘာ့ဂျုံစိုက်ပျိုးထုတ်လုပ်မှု ဒုတိယအများဆုံးဖြစ်ပြီး ပစ္စုပ္ပန်ကာလ၌ နိုင်ငံတကာဈေးကွက်သို့ အဓိကပေးသွင်းနိုင်သည့် တစ်ခုတည်းသောနိုင်ငံအဖြစ် ရောက်ရှိလာသည့်အပြင် ပြည်ပဈေးကွက်များ၌ ဈေးနှုန်းများ မြင့်တက်လာခြင်း၊ အမေရိကန်ဒေါ်လာငွေနှင့် နှိုင်းယှဉ်ပါက ရူပီး

ငွေတန်ဖိုးသည် စံချိန်တင် ကျဆင်းလျက်ရှိခြင်းတို့က အိန္ဒိယ ကုန်သည်များအတွက် ပြည်ပသို့ ဂျုံတင်ပို့ရန် ဆွဲဆောင်မှု ဖြစ်ပေါ်လျက်ရှိသည်။ ယခင်ကာလများ၌ တောင်သူများ ထံသို့ စိုက်ပျိုးစရိတ်ထောက်ပံ့မှုများနှင့် ဈေးနှုန်းအာမခံ အထောက်အပံ့များကို အစိုးရက နှစ်စဉ်ပေးအပ်မှုများကြောင့် ပြည်တွင်းထုတ်လုပ်မှုစရိတ် ကြီးမြင့်လျက် ပြည်ပဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့ရန်တွင် အိန္ဒိယကုန်သည်များအနေဖြင့် ခက်ခဲစွာ ရုန်းကန်ခဲ့ကြရပါသည်။ အိန္ဒိယပြည်တွင်း၌ အစိုးရက ဂျုံ ၁ တန်လျှင် ၂၅၇ အမေရိကန်ဒေါ်လာခန့် ဈေးနှုန်းအာမခံထားရှိချိန်တွင် ၇-၃-၂၀၂၂ နေ့၌ ဥရောပဈေးကွက်တွင် ဂျုံ ၁ တန်ဈေးနှုန်းမှာ ယူရိုငွေ ၄၀၀ (အမေရိကန်ဒေါ်လာ ၄၃၅ ခန့်) အထိ မြင့်တက်ခဲ့ပြီး ချီကာဂိုဈေးကွက်တွင်လည်း ၁၄ နှစ်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့သည်။

သို့ဖြစ်ရာ ကမ္ဘာ့ဂျုံဈေးနှုန်းများ မြင့်တက်ခြင်းက အိန္ဒိယကုန်သည်များအတွက် ဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် လွယ်ကူမှုဖြစ်ပေါ်စေလျက်ရှိကြောင်း၊ နိုင်ငံတကာမှ ဂျုံဝယ်လက်များသည် ပုံမှန်ပေးသွင်းနိုင်မည့် အိန္ဒိယဈေးကွက်ဘက်သို့ ဦးလှည့်လာခဲ့ကြကြောင်း၊ လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်း ဂျုံတန်ချိန် ၅ သိန်းတင်ပို့ရန် စာချုပ်ချုပ်ဆိုနိုင်ခဲ့သည်ဟု ကုန်သည်အသိုင်းအဝိုင်းက အတည်ပြုပြောဆိုကြောင်း၊ Unicorp Pvt Ltd. မှ လုပ်ငန်းရှင် Mr. Rajesh Paharia Jain က အိန္ဒိယပို့ကုန်လုပ်ငန်းများသည် အဆိုပါ ဂျုံအရောင်းအဝယ်စာချုပ်များအား ကုန်ချိန် ၁ တန်လျှင် သင်္ဘောကုန်းပတ်ပေါ်အရောက် (FOB) ဈေးနှုန်း အမေရိကန်ဒေါ်လာ ၃၄၀ မှ ၃၅၀ ခန့်ဖြင့် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်ဟု ပြောကြားကြောင်း၊ ယခင်က အိန္ဒိယကုန်သည်များသည် ဂျုံ ၁ တန်လျှင် FOB ဈေးနှုန်း အမေရိကန်ဒေါ်လာ ၃၀၅ မှ ၃၁၀ အတွင်းသာ ရရှိခဲ့ကြကြောင်း အိန္ဒိယ Economic Times သတင်းဌာနက ဖော်ပြပါသည်။ ၅-၃-၂၀၂၂ နေ့၌ သတင်းထောက်များနှင့် တွေ့ဆုံရာတွင် အိန္ဒိယစားသုံးသူရေးရာ၊ စားနပ်ရိက္ခာနှင့် ပြည်သူ့ဖြန့်ဖြူးမှုရေးရာဝန်ကြီးဌာနမှ အတွင်းဝန် Mr. Sudhanshu Pandey က ၂၀၂၁-၂၂ ဘဏ္ဍာနှစ်အတွင်း ဖေဖော်ဝါရီလကုန်အထိ အိန္ဒိယ၏ ပြည်ပသို့ ဂျုံတင်ပို့မှုမှာ တန်ချိန် ၆.၆ သန်း ရှိပြီဖြစ်ကြောင်း၊ ၎င်းပမာဏသည် ၂၀၁၂-၁၃ ခုနှစ်၌ ပြည်ပသို့ ဂျုံတင်ပို့မှု အမြင့်ဆုံး စံချိန်တင်ထားသည့် တန်ချိန် ၆.၅ သန်းကို ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း၊ ပြည်တွင်း၌ ယခုနှစ် စိုက်ပျိုးထုတ်လုပ်သည့် ဂျုံသီးနှံများသည် အစောဆုံးအားဖြင့် မတ်လ ၁၅ ရက်နေ့ ဝန်းကျင်မှစတင်၍ ဈေးကွက်သို့ ဝင်ရောက်လာတော့မည်ဖြစ်ကြောင်း၊ ယူကရိန်းနှင့် ရုရှားနိုင်ငံတို့မှ ဂျုံအသစ်များမှာ ဩဂုတ်၊ စက်တင်ဘာလများကျမှသာ ရင့်မှည့်မှုရှိမည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ လက်ရှိကာလတွင် ကမ္ဘာ့ဂျုံဈေးနှုန်းများမှာ မြင့်တက်လျက်ရှိပြီး ၁ တန်လျှင် ရူပီးငွေ ၂၄၀၀၀ မှ ၂၅၀၀၀ အတွင်း အရောင်းအဝယ်ဖြစ်ပေါ်နေကြောင်း၊ ယခုဘဏ္ဍာနှစ်၌ ပြည်ပသို့ ဂျုံတင်ပို့မှု တန်ချိန် ၇ သန်းကျော် ရရှိအောင် ကျန်ရှိသည့် ၁ လမျှသော အချိန်ကာလအတွင်း ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ရကြောင်း ပြောကြားခဲ့ပါသည်။

အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာန၏ ဒုတိယအကြိမ် ကနဦးကြိုတင်ခန့်မှန်းချက်၌ ၂၀၂၁-၂၂ စိုက်ပျိုးရေးနှစ် (ဇူလိုင်လမှ ဇွန်လထိ) တွင် ဂျုံတန်ချိန် ၁၁၁. ၃၂ သန်းအထိ ထွက်ရှိမည်ဟု ခန့်မှန်းထားပါသည်။ လက်ရှိကာလတွင် အိန္ဒိယအစိုးရလက်ဝယ်၌ အရန်ဂျုံအား လျာထားသည့် တန်ချိန် ၁၃.၈ သန်းထက် များစွာပိုမိုလျက် စုစုပေါင်း တန်ချိန် ၂၈.၂၇ သန်းအထိ သိုလှောင်ထားရှိပြီး ဖြစ်ပါသည်။ အိန္ဒိယကုန်သည်များအနေဖြင့် ဝယ်လိုအားမြင့်တက်လျက်ရှိသော နီပေါ၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင် စသည့် အာရှဒေသရှိနိုင်ငံများသို့ ကုန်စည်တင်ပို့ခနှုန်းထား နည်းပါးစွာဖြင့် တင်ပို့နိုင်မည့်အပြင် အရှေ့အလယ်ပိုင်းဒေသသို့လည်း အခြားနိုင်ငံများနှင့် ယှဉ်ပြိုင်၍ သယ်ယူပို့ဆောင်စရိတ်လျှော့နည်းစွာဖြင့် တင်ပို့နိုင်ဖွယ်ရှိပါသည်။ သို့ရာတွင် ကုန်သည်အချို့ကမူ အိန္ဒိယဆိပ်ကမ်းများ၏ ကုန်အတင်အချ လုပ်ဆောင်နိုင်စွမ်းကန့်သတ်ချက်၊ ပြည်တွင်းရှိ ကုန်စည်ထွက်ရှိရာဒေသများမှ အဓိကဆိပ်ကမ်းများသို့ သယ်ယူပို့ဆောင်စရိတ် မြင့်တက်လာနိုင်မှုနှင့် ကုန်တင်ရထားတွဲ ပြတ်လပ်မှုများက ပို့ကုန်လုပ်ငန်းဆောင်ရွက်မှုအပေါ် နှောင့်နှေးကြန့်ကြာမှု ဖြစ်ပေါ်စေနိုင်ကြောင်း ပြောဆိုလျက်ရှိကြသည်။

Source: Economic Times India's wheat exports surge as world prices soar, 9-3-2022 India signs deals to export 500,000 T wheat, as global prices surge, 9-3-2022 India's wheat exports pick up amid Russia-Ukraine war, says Food Secretary Sudhanshu Pandey, 5-3-2022 (စီးပွားရေးသံမှူး-အိန္ဒိယ)

## ထိုင်းနိုင်ငံတွင် ၂၀၂၄ ခုနှစ်၊ မော်တော်ကားထုတ်လုပ်မှုအစီးရေ (၂) သန်းကျော်ရှိလာနိုင်

ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာမှုကြောင့် ထိုင်းနိုင်ငံ၏ နှစ်စဉ်မော်တော်ကားထုတ်လုပ်မှုသည် (၂)နှစ်အတွင်း အစီးရေ(၂)သန်းကျော်အထိ တိုးလာနိုင်မည်ဖြစ်ကြောင်း ထိုင်းစက်မှုလုပ်ငန်းရှင်များအသင်းချုပ် Federation of Thai Industries (FTI) ၏ ခန့်မှန်းချက်အရ သိရှိရပါသည်။ လျှပ်စစ်



Cars sit ready for export at Laem Chabang Port in Chon Buri province. (Photo: Patipat Janthong)

မော်တော်ကားများ (EVs) အတွက် အစိုးရ၏ မက်လုံးပေးမှု အစီအစဉ်တွင် ဘက်ထရီလျှပ်စစ်ကား Battery electric Vehicles များအတွက် အကောက်ခွန်(၄၀%)အထိ လျှော့ချခြင်း ပါဝင်ပြီး ၎င်းကကားတင်သွင်းမှုကို မြှင့်တင်ပေးလိမ့်မည်ဖြစ်သော်လည်း၊ ရေရှည်တွင် ပြည်တွင်းမော်တော်ကားထုတ်လုပ်မှုကို ထိခိုက်လိမ့်မည်မဟုတ်ကြောင်း FTI ဥက္ကဋ္ဌနှင့် မော်တော်ကားကလပ်အသင်း ပြောရေးဆိုခွင့်ရှိသူ Surapong Paisitpatanapong က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။ အဆိုပါအစီအစဉ်မှနေ၍ မော်တော်ကားတင်သွင်းသူများအနေဖြင့် အကျိုးအမြတ်များ ရရှိနိုင်သော်လည်း အစိုးရအနေဖြင့် လျှပ်စစ်မော်တော်ကား EVs များဖွံ့ဖြိုးတိုးတက်ရေးတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလုပ်စေချင်ကြောင်း ၎င်းကပြောကြားခဲ့ပါသည်။ ထိုင်းနိုင်ငံ၏ဒေသတွင်း EVs ထုတ်လုပ်မှု ဗဟိုချက်ဖြစ်လာစေရေး ရည်မှန်းချက်၏ တစ်စိတ်တစ်ပိုင်းဖြစ်သော၂၀၃၀ ခုနှစ်တွင် ပြည်တွင်းထုတ်ကားများ၏ (၅၀%)ကို လျှပ်စစ်ကား EVs များအဖြစ် မြင်တွေ့လိုကြောင်း အမျိုးသားလျှပ်စစ်မော်တော်ကားမူဝါဒကော်မတီက ပြီးခဲ့သည့် မတ်လတွင် ထုတ်ပြန်ကြေငြာခဲ့ကြောင်း သိရှိရပါသည်။ FTI အနေဖြင့် အဓိကအားဖြင့် ကိုဗစ်-၁၉ ကို ထိန်းချုပ်ရန် အစီအမံဆောင်ရွက်ချက်များကြောင့် ထိုင်းမော်တော်ကားလုပ်ငန်းအနေဖြင့် နှေးကွေးသောရောင်းအားမှ ပြန်တက်လာစေရန် မျှော်လင့်ထားပြီး ကပ်ရောဂါမဖြစ်ပွားမီက နိုင်ငံ၏မြင့်မားသောထုတ်လုပ်မှုအဆင့်သို့ ပြန်လည်ရောက်ရှိစေရန် မျှော်လင့်ထားကြောင်း သိရှိရပါသည်။ ၂၀၁၈ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ မော်တော်ကားထုတ်လုပ်မှုမှာ အစီးရေ (၂,၁၆၇,၆၉၄) စီးရှိခဲ့ပြီး အစီးရေ (၁,၁၄၂,၇၃၃) မှာ ပြည်ပသို့တင်ပို့ရန် ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ထိုင်းနိုင်ငံအနေဖြင့် ကမ္ဘာတစ်ဝှမ်းသို့ကားများ တင်ပို့ရောင်းချနေသော မော်တော်ကားထုတ်လုပ်သူ၊ မော်တော်ကားတပ်ဆင်သူနှင့် အစိတ်အပိုင်းများထုတ်လုပ်သူ၊ ကမ္ဘာတစ်ဝှမ်းသို့ ကားတင်ပို့သူသည့် ထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း Mr.Surapong က ပြောကြားခဲ့ပါသည်။ ကပ်ရောဂါဖြစ်ပွားနေသော်လည်း ယမန်နှစ်က မော်တော်ကားထုတ်လုပ်မှုအနေဖြင့် အစီးရေ (၁.၆၈) သန်းအထိ တိုးမြှင့်နိုင်ခဲ့ပြီး နှစ်အလိုက်တွင် (၁၈.၁%) တိုးတက်ခဲ့ကြောင်း၊ အဆိုပါ ကိန်းဂဏန်းများသည် FTI က ရည်မှန်းထားသည့် အစီးရေ (၁.၆) သန်းကို ကျော်လွန်ခဲ့ကြောင်းသိရှိ ရပါသည်။ FTI အနေဖြင့် ယခုနှစ်အတွက် အစီးရေ (၁.၈) သန်းအထိ ထုတ်လုပ်နိုင်ရန် မျှော်မှန်းထားကြောင်းနှင့် အစီးရေ (၉၀၀,၀၀၀) မှ (၉၅၀,၀၀၀) ခန့် ပြည်ပသို့တင်ပို့နိုင်လိမ့်မည်ဟု မျှော်လင့်ထား ကြောင်းသိရှိရပါသည်။

Source: Bangkok Post (စီးပွားရေးသံမှူး-ထိုင်း)

## ဒုတိယ(၃)လပတ်တွင်ထိုင်းဆန်ဈေးနှုန်း(၅%) မြင့်တက်နိုင်ကြောင်းခန့်မှန်းခြင်း

ယူကရိန်းစစ်ပွဲကြောင့် ကမ္ဘာ့ကုန်စည်ဈေးနှုန်းများ မြင့်တက်နိုင်ခြင်းကြောင့် ထိုင်းဆန်ဈေးနှုန်းများအနေဖြင့် ဒုတိယ(၃) လပတ်တွင် (၅%) ခန့်မြင့်တက်နိုင်ကြောင်း ဝါရင့်ကုန်သည်ဖြစ်သည့် Chookiat Ophaswongse က ခန့်မှန်းပြောကြားလိုက်ကြောင်း သိရှိရပါသည်။ ရေနံဈေးနှုန်းတက်ခြင်းသည် အလုံးစုံသော ကုန်စည်ဈေးနှုန်းများတက်စေမည့် အလားအလာရှိနေကြောင်း ထိုင်းပြည်ပ ဆန်တင်ပပို့သူများအသင်းဂုဏ်ထူးဆောင်နာယကဖြစ်သူ Mr. Chookiat က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။ အိန္ဒိယတွင် ဆန်လက်ကျန်မြင့်မားနေကြောင်း၊ ယခုနှစ်အတွက် ထိုင်းနှင့် ဗီယက်နမ်တို့တွင် ဆန်စပါးထုတ်လုပ်မှု တိုးတက်လာရန် မျှော်မှန်းထားကြောင်းနှင့် ထိုင်းဆန်အနေဖြင့် ဒုတိယ (၃)လပတ်တွင် ဈေးနှုန်း(၅%) ခန့်တိုးလာနိုင်သည်ဟု မျှော်လင့်ထားကြောင်း Mr. Chookiat ၏ အဆိုအရ သိရှိရပါသည်။ ထိုင်းပြည်တွင်းဈေးကွက်တွင် ဆန်ဖြူ (၅%) ဈေးနှုန်းမှာ ယခင်နှစ်ကာလတူက တစ်ကီလိုဂရမ်လျှင်(၁၆)ဘတ်ရှိခဲ့ရာမှ ယခုအခါ(၁၂)ဘတ်သို့ ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။ ထိုင်းဆန်ဖြူ၏ F.O.B ဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၄၀၀) ရှိကြောင်း၊ ၎င်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၂၅၅) ရှိသည့် အိန္ဒိယဆန်နှင့်တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၃၉၀)ရှိသည့် ဗီယက်နမ်ဆန်တို့ထက် မြင့်မားနေကြောင်း သိရှိရပါသည်။၂၀၂၁/၂၀၂၂ခုနှစ်သီးနှံရာသီအတွက်ထိုင်းဆန်စပါးထုတ်လုပ်မှုအနေဖြင့် စပါးတန်ချိန် (၃၀-၃၂)သန်းခန့်

နှင့်ကြိတ်ခွဲပြီးဆန်တန်ချိန်(၂၀) သန်းရှိနိုင်သည်ဟု အသင်းမှ ခန့်မှန်းထားကြောင်း၊ ၎င်းမှာ၂၀၂၀/၂၀၂၁ ခုနှစ်ကရှိခဲ့သော စပါးတန်ချိန်(၂၇-၂၈)သန်းနှင့်ကြိတ်ခွဲပြီး ဆန်တန်ချိန်(၁၇) သန်းတို့ထက် တိုးတက်မြင့်မားနိုင်မည်ဟု မျှော်မှန်းထားကြောင်း သိရှိရပါသည်။

ယခုနှစ်တွင် ယခင်(၂) နှစ်ခန့်ကကဲ့သို့ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မိုးခေါင်ရေရှားမှု မဖြစ်နိုင်ကြောင်း၊ လုံလောက်သောရေပေးဝေမှုကြောင့် ဒုတိယစပါးသီးနှံများ ထုတ်လုပ်မှုတိုးတက်လာလိမ့်မည်ဟု မျှော်မှန်းထားကြောင်း သိရှိရပါသည်။ ယူကရိန်းစစ်ပွဲမှာထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုအပေါ် ထိခိုက်စေမှာမဟုတ်ကြောင်း၊ ရုရှားနှင့် ယူကရိန်းနိုင်ငံများ သို့ ထိုင်းဆန်တင်ပို့မှုအနေဖြင့် ယမန်နှစ်ကတန်ချိန်(၆,၀၀၀) နှင့်(၃,၀၀၀)သာ အသီးသီးရှိခဲ့ကြောင်း Mr. Chookiat ၏ အဆိုအရ သိရှိရပါသည်။ အီရတ်၊ အီရန်နှင့် ဆော်ဒီအာရေဗျ တို့ကဲ့သို့သော အရှေ့အလယ်ပိုင်း ပို့ကုန်ဈေးကွက်များအနေဖြင့် ကံကောင်းထောက်မစွာဖြင့် ယခုနှစ်တွင် ပြန်လည်ရောက်ရှိလာနိုင်ကြောင်း၊ အဆိုပါ နိုင်ငံများသည် နှစ်စဉ်ဆန်တန်ချိန်သန်းနှင့်ချီ၍ ဝယ်ယူတင်သွင်းသည့် နိုင်ငံများဖြစ်ကြကြောင်း Mr. Chookiat ကပြောကြားခဲ့ပါသည်။ ထိုင်းနိုင်ငံအနေဖြင့် ယမန်နှစ်က ပြည်ပသို့ ဆန်တန်ချိန် (၆.၁၁) သန်း တင်ပို့ခဲ့ကြောင်း၊ ၎င်းမှာ ၂၀၂၀ ခုနှစ်တွင် တင်ပို့ခဲ့သည့် ဆန်တန်ချိန်(၅.၇၃)သန်းထက် (၆.၆၈%) တိုးတက်မြင့်မားခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်ပပို့ကုန်တန်ဖိုးအနေဖြင့်မူ ဘတ်ငွေ(၁၀၈) ဘီလီယံရှိခဲ့ပြီး ၎င်းမှာ ၂၀၂၀ ခုနှစ်ကရရှိခဲ့သော ဘတ်ငွေ(၁၁၆)ဘီလီယံထက် (၇.၁၄%) လျော့နည်းခဲ့ကြောင်း သိရှိရပါသည်။ ၂၀၂၁ ခုနှစ်တွင် ဆန်ဖြူတန်ချိန် (၂.၃၅) သန်း(+၁၈.၉%)၊ ထိုင်းဟုမ်းမလိဆန်တန်ချိန် (၁.၄)သန်း(-၁.၇%)၊ ပေါင်းဆန်တန်ချိန်(၁.၄)သန်း(+၁.၆%)၊ ထိုင်းဆန်မွှေးတန်ချိန် (၅၅၀,၅၇၄) (-၄.၁%) နှင့် ကောက်ညှင်းဆန်တန်ချိန် (၃၁၀,၈၇၈)(+၁၂.၄%)တို့ ပြည်ပသို့တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။ အသင်းအနေဖြင့် ယခုနှစ်တွင် ထိုင်းဆန်ပြည်ပသို့ တင်ပို့မှုအနေဖြင့် (၁၄.၈%) တိုးတက်နိုင်ကြောင်းနှင့် ဆန်တန်ချိန်(၇) သန်း တင်ပို့နိုင်မည်ဟု မျှော်မှန်းထားကြောင်း၊ ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာမှု၊ သင့်တင့်ကောင်းမွန်သောငွေလဲနှုန်းတို့ကြောင့် ဝယ်လိုအားမြင့်မားနိုင်ဖွယ်ရှိသည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။

Source: Bangkok Post (စီးပွားရေးသံမှူး-ထိုင်း)

## တရုတ် အမှတ်တံဆိပ်များ၏ အနာဂတ်

၂၀၂၁ ခုနှစ်အတွင်း အမေရိကန်ပြည်ထောင်စုတွင် ရောင်းချရာ၌ တရုတ်တံဆိပ် "Shein" မှာ လူကြိုက်အများဆုံးတံဆိပ်ဖြစ်ခဲ့ပြီး ဖက်ရှင်ရောင်းချမှု၏ (၂၈) ရာခိုင်နှုန်းခန့်နေရာယူခဲ့ပါသည်။ ၎င်းတံဆိပ်ကို တရုတ် e-commerce ကုမ္ပဏီက ၂၀၀၈ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် ကုမ္ပဏီတန်ဖိုး အမေရိကန်ဒေါ်လာ (၁၅) ဘီလီယံဖြင့် E financing ကို အပြီးသတ်ဆောင်ရွက်ခဲ့ပါသည်။ ၎င်းအမှတ်တံဆိပ်၏ လူမှုကွန်ယက်များစွာတွင် အားပေးသူဦးရေသန်း (၃၀၀) နီးပါးရှိပါသည်။ တရုတ်တံဆိပ်များ၏ နောက်ထပ်ရေစီးကြောင်းမှာ သက်ဆိုင်ရာနိုင်ငံ၌ ပြည်တွင်းတံဆိပ်ဖြစ်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်မှု တိုးပွားလာခြင်းဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့တွင် ကျင်းပခဲ့သော Chinese Brands Overseas Summit Forum ၌ သီးသန့်ပစ်မှတ်ထားသူများနှင့် လိုက်လျောညီထွေရှိစေရန် ပြည်ပဈေးကွက်များတွင် တရုတ်တံဆိပ်များ၏ အောင်မြင်မှုစေရေးသော့ချက်မှာ မဟာဗျူဟာဖြစ်ကြောင်း ဆွေးနွေးခဲ့ကြပါသည်။ ထို့ပြင် အွန်လိုင်းရောင်းဝယ်ရေးစံပုံစံနှင့် ရင်းနှီးလာကြသည်ကို အသုံးပြု၍ တရုတ်တံဆိပ်များအား ပြည်တွင်းမှုပြုထားသည့်ဈေးကွက်အသစ်များတွင် တရုတ်တံဆိပ်များ၏ မျက်နှာစာကို ဖွင့်လှစ်လာကြပါသည်။ တရုတ်ရှေးရိုးအဆန်ဆုံး ပုံစံဖြစ်သည့် တရုတ်အလှကုန်ကုမ္ပဏီ Florasis မှာ ၎င်းတံဆိပ်များအနက် တစ်ခုဖြစ်ပါသည်။ ၎င်း၏ ဈေးကွက်ထိုးဖောက်မှုကို ၂၀၁၇ ခုနှစ်တွင် စတင်ခဲ့ပြီး၊ ကမ္ဘာ့အမှတ်တံဆိပ်တစ်ခုအဖြစ် လျင်မြန်စွာဖြစ်တည်လာကာ မြောက်အမေရိက၊ ဥရောပ၊ ရုရှားနှင့် အိုရှန်းနီးယားဒေသများရှိ ဈေးကွက်များတွင် အလွန်လူကြိုက်များလာပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် Florasis က နိုင်ငံခြားကုန်စည်လိုင်းအသစ်ကို စတင်ရန်စီစဉ်ခဲ့ပြီး၊ လူမှုကွန်ယက်နှင့် ဈေးကွက်လွှမ်းမိုးသူများ၏ အင်အားကို အသုံးပြုခဲ့ပါသည်။ စတင်ခြင်းမပြုမီ follower 200k ရှိထားသူ micro-TikTok influencer တစ်ဦးက Florasis အလှကုန်များကို အသုံးပြု၍ မိတ်ကပ်လိမ်းခြယ်နည်း ဗီဒီယိုကို ပြုလုပ်ခဲ့ပါသည်။ ၎င်းဗီဒီယိုကို တင်လိုက်သည်နှင့် ကြည့်ရှုသူဦးရေ(၅)သန်းကျော်အထိ ရှိခဲ့ပါသည်။ ဗီဒီယိုရိုက်ကူးခဲ့သည့် influencer တွင် ယခုအခါ follower (၁၄) သန်းကျော်ရှိသွားပြီဖြစ်ပါသည်။ တရုတ်နှင့် အမေရိကန်တို့အကြား တင်းမာမှုများရှိနေသော်ငြားလည်း တရုတ်နိုင်ငံမှ Florasis နှင့် အခြားလူသိများသည့် တံဆိပ်များမှာ အမေရိကန်ဈေးကွက်၌ ထင်ရှားစွာရောက်ရှိနေပြီ ဖြစ်ပါသည်။


Source: (စီးပွားရေးသံမှူး-နန်နင်း)

## ၂၀၂၁ ခုနှစ်အတွင်း စံချိန်တင်မြင့်တက်ခဲ့သည့် တရုတ်နိုင်ငံ၏ ဆန်နှင့် ဆန်ကွဲတင်သွင်းမှု

၂၀၂၁ ခုနှစ်၊ ပထမ (၈) လအတွင်း တရုတ်နိုင်ငံ၏ တိရစ္ဆာန်အစာလိုအပ်ချက်၊ အစားအစာနှင့် အရက်ထုတ်လုပ်ရန် လိုအပ်ချက်များကြောင့် ဆန်တင်သွင်းမှုမှာ တန်ချိန် (၃.၂) သန်းအထိရှိခဲ့ကာ အများဆုံးတင်သွင်းမှုအဖြစ် စံချိန်တင်ခဲ့ပြီး၊ ၎င်းပမာဏအနက် ထက်ဝက်ခန့်မှာ ဆန်ကွဲဖြစ်ခဲ့ပါသည်။ အိန္ဒိယနိုင်ငံမှာ တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့နေသည့်နိုင်ငံဖြစ်ပြီး ဆန်ကွဲတစ်မျိုးတည်း တင်သွင်းမှုကပင် တန်ချိန် (၁) သန်းအထိ ရောက်ရှိခဲ့ကာ၊ တန်ဖိုးအားဖြင့် ဒေါ်လာ (၂၂၅)သန်းကျော် ရှိခဲ့ပါသည်။ နောက်ထပ် တရုတ်နိုင်ငံက ဆန်ကွဲဝယ်ယူမှု အများဆုံးနိုင်ငံများမှာ မြန်မာ၊ ဗီယက်နမ်၊ ပါကစ္စတန်နှင့် ထိုင်းနိုင်ငံတို့ ဖြစ်ကြပါသည်။ ၂၀၂၁ ခုနှစ် ပထမ (၈)လအတွင်း ပါကစ္စတန်နိုင်ငံမှ တင်သွင်းမှုမှာ ယခင်ဒေါ်လာ (၂၄) သန်းမှ ဒေါ်လာသန်း (၉၀)၊ ဗီယက်နမ်နိုင်ငံမှ တင်သွင်းမှုမှာ ယခင်ဒေါ်လာ (၁၃၁)သန်းမှ ဒေါ်လာသန်း (၁၅၀) ကျော်၊ ထိုင်းနိုင်ငံမှ တင်သွင်းမှုမှာ ယခင်ဒေါ်လာ (၂၅)သန်းမှ ဒေါ်လာ (၄၄) သန်း၊ မြန်မာနိုင်ငံမှ တင်သွင်းမှုမှာ ယခင်ဒေါ်လာ (၄၁) သန်းမှ ဒေါ်လာ (၈၁) သန်းအထိ အသီးသီး မြင့်တက်ခဲ့ပါသည်။၂၀၂၀ ပြည့်နှစ်အတွင်း တရုတ်နိုင်ငံသို့ ဆန်တင်သွင်းမှုမှာ တန်ချိန် (၂.၉) သန်းရှိခဲ့ကာ၊ ၂၀၁၉ ခုနှစ်ကထက် (၁၆) ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး၊ တန်ဖိုးဒေါ်လာ (၁.၅) ဘီလီယံရှိခဲ့ပါသည်။ အဆိုပါပမာဏတွင် မြန်မာနိုင်ငံမှ တန်ချိန် (၉၁၁,၀၀၀)တန် (တန်ဖိုးအားဖြင့် ၃၂၄ သန်း)၊ ဗီယက်နမ်နိုင်ငံမှ တန်ချိန် (၇၈၈,၀၀၀) တန် (တန်ဖိုးအားဖြင့် ဒေါ်လာ ၄၅၃ သန်း)၊ ပါကစ္စတန်နိုင်ငံမှ တန်ချိန် (၄၇၅,၀၀၀)တန်ရှိခဲ့ကာ စုစုပေါင်းပမာဏ၏ (၇၅) ရာခိုင်နှုန်း ရှိခဲ့ပါသည်။ ၎င်းနိုင်ငံများ၏နောက်တွင် ထိုင်း၊ ကမ္ဘောဒီးယား၊ ထိုင်ဝမ်နှင့် လာအိုနိုင်ငံတို့မှ တင်ပို့ထားသည်များလည်း ရှိပါသည်။ မြန်မာ၊ ဗီယက်နမ်၊ ထိုင်းနိုင်ငံတို့မှ တရုတ်သို့တင်ပို့မှုများမှာ စုစုပေါင်းဆန်တင်ပို့မှုများ၏ (၇၀) ရာခိုင်နှုန်းခန့်ရှိပြီး၊ ကျန်နိုင်ငံများမှ တင်ပို့မှုမှာ (၃၀) ရာခိုင်နှုန်းခန့် ရှိပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံ၏ ပျမ်းမျှ ဆန်တင်သွင်းသည့်ဈေးနှုန်းမှာ တစ်တန်လျှင် (၅၀၁) ဒေါ်လာဖြစ်ခဲ့ကာ၊ ၂၀၁၉ ခုနှစ်ကထက် ကျဆင်းခဲ့ပါသည်။ ဈေးနှုန်းများမှာ ဆန်ထွက်ရှိရာနိုင်ငံအလိုက် ဖြစ်ပါသည်။ ထိုင်းဆန်မှာ တစ်တန်လျှင် (၇၄၆) ဒေါ်လာဖြင့် ဈေးအမြင့်ဆုံးဖြစ်၍ မြန်မာဆန်မှာ တစ်တန်လျှင် (၃၅၆) ဒေါ်လာဖြင့် ဈေးအနိမ့်ဆုံး ဖြစ်ခဲ့ပါသည်။

Source: IndexBox, Inc (စီးပွားရေးသံမှူး-နန်နင်း)


## တရုတ်နိုင်ငံ၏ ရော်ဘာတုဈေးကွက် အခြေအနေ




ဖေဖော်ဝါရီလ (၂၅)ရက်နေ့မှ မတ်လ (၄)ရက်နေ့အတွင်း acrylonitrile-butadiene ရော်ဘာတုဈေးကွက်မှာ အကျပိုင်းတွင် တည်ငြိမ်နေခဲ့ပါသည်။ မတ်လ (၄) ရက်နေ့ရှိ acrylonitrile-butadiene ဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၂၃,၇၅၀) ဖြစ်ပါသည်။ မတ်လ (၄) ရက်နေ့ရှိ Lanzhou Petrochemical Company ၏ acrylonitrile-butadiene ရော်ဘာ N41E ၏ ဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၂၂,၈၀၀)၊ acrylonitrile-butadiene ရော်ဘာ 3305E ၏ ဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၂၃,၀၀၀)၊ acrylonitrile butadiene ရော်ဘာ 3308E ၏ ဈေးနှုန်းမှာ တစ်တန်လျှင်ယွမ်ငွေ (၂၃,၃၀၀)၊ Ningbo shunze Rubber Co., Ltd ၏ acrylonitrile-butadiene ရော်ဘာ 3355 ၏ ဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၂၂,၈၀၀) အသီးသီး ဖြစ်ပါသည်။ ရော်ဘာတုများကို ကုန်ချောထုတ်လုပ်သည့်ဘက်မှ ဝယ်လိုအားဆက်လက် နည်းပါးနေသဖြင့် ဈေးနှုန်းများအားပျော့နေခြင်း ဖြစ်ပါသည်။ လတ်တလောတွင် ဝယ်လိုအား သိသိသာသာမြင့်လာခြင်း မရှိသေးဘဲ ရောင်းလိုအားဘက်တွင်လည်း ဖိအားများစွာမရှိသဖြင့် ဈေးအနိမ့်ပိုင်း၌ပင် အတက်အကျအနည်းငယ်ဖြစ်နေဖွယ် ရှိပါသည်။အလားတူရက်သတ္တပတ်အတွင်း butadiene ရော်ဘာတု၏ဈေးနှုန်းမှာမူ ဆက်လက်မြင့်တက်ခဲ့သည်ကို တွေ့ရပါသည်။ မတ်လ (၄)ရက်နေ့တွင် butadiene ရော်ဘာတု၏ ဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၈,၅၁၁)ရှိခဲ့ပြီး၊ ဖေဖော်ဝါရီလ နောက်ဆုံးပတ်ကထက် (၁.၅) ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။

Source: SunSirs (စီးပွားရေးသံမှူး-နန်နင်း)


## တရုတ်နိုင်ငံ၏ စားအုန်းဆီဈေးနှုန်းများ ဆက်လက်မြင့်တက်လာ




မတ်လဆန်းမှစ၍ တရုတ်နိုင်ငံအစိုးရက အရန်သိုလှောင်မှုပြုလုပ်ရန် ပဲပုပ်ဆီများကို လေလံခေါ်ယူမှု၏ ရိုက်ခတ်မှုကြောင့် စားအုန်းဆီဈေးကွက်မှာလည်း မတ်လ (၇)ရက်နေ့မှ နောက်ပိုင်းတွင် အတက်ဘက်သို့ ပြန်လည်ရောက်ရှိလာပါသည်။ မလေးရှားနိုင်ငံဘက်၌ ရောင်းလိုအား အကန့်အသတ်ရှိနေဆဲဖြစ်ရာ မတ်လ (၉)ရက်နေ့တွင် တရုတ်ပြည်တွင်း၌ ဖြစ်ပေါ်ခဲ့သည့် စားအုန်းဆီလက်ငင်း အရောင်းအဝယ်ဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၁၃,၈၆၀) ဖြစ်လာပါသည်။ ရေတိုကာလ၌ တရုတ်ပြည်တွင်း စားအုန်းဆီဈေးနှုန်းများမှာ အမြင့်ပိုင်းတွင် အတက်အကျ ဆက်လက်ဖြစ်ပေါ်နေဖွယ်ရှိပါသည်။

Source: SunSirs (စီးပွားရေးသံမှူး-နန်နင်း)

## တရုတ်သကြားဈေးကွက် အခြေအနေ




မတ်လ (၉) ရက်နေ့တွင် ယူနန်ပြည်နယ်ရှိ သကြားလက်ငင်းအရောင်းအဝယ်ဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၅,၇၀၀) ဖြစ်ပါသည်။ အသစ်ထုတ်လုပ်သည့် သကြားလက်ငင်းအရောင်းအဝယ်ဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၅,၆၉၀) မှ (၅,၇၂၀) ကြား ရှိပါသည်။ တရုတ်နိုင်ငံတွင် ၂၀၂၁ - ၂၀၂၂ စိုက်ပျိုးရာသီ၌ တစ်နိုင်ငံလုံး သကြားစိုက်ပျိုးသည့်ဧရိယာမှာ မှ (၁.၅) သန်းကျော် ကျဆင်းခဲ့ကာ၊ ကြံစိုက်ကေမူ သန်း (၂၀) သာရှိတော့သည်ဟု ခန့်မှန်းထားပါသည်။ ၂၀၂၁ - ၂၀၂၂ အတွင်း တရုတ်တစ်နိုင်ငံလုံး၏ သကြားအထွက်နှုန်းမှာ တန်ချိန် (၁၀.၂၃) သန်းခန့်ရှိကာ ယခင်နှစ်ကထက် တန်ချိန် (၄၃၀,၀၀၀) ခန့် ကျဆင်းသွားနိုင်ကြောင်း သိရပါသည်။ ယခုအခါ တရုတ်နိုင်ငံရှိ ကြံသကြားအဓိကထွက်ရှိရာ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ကြံများကို ရိတ်သိမ်းနေပြီး၊ ရာသီဥတုကလည်း ကောင်းမွန်နေပါသည်။ ကွမ်ရှီးပြည်နယ်ရှိ သကြားစက်ရုံများက မတ်လအစောပိုင်းမှ လလယ်ခန့်တွင် သကြားကြိတ်ခြင်းကို အပြီးသတ်ဆောင်ရွက်မည်ဟု ခန့်မှန်းရပါသည်။ ပြည်တွင်း၌ ပုံမှန်သကြားထုတ်လုပ်မှု အပြီးသတ်ကာနီးနေပြီဖြစ်သောကြောင့် ပြည်တွင်းနှင့် ပြည်ပဈေးနှုန်းများ၏ ကွာဟချက်မှာ ကျယ်ပြန့်လာရာ၊ လက်ငင်းအရောင်းအဝယ်များ အလုပ်ဖြစ်လျက်ရှိသည့်အပြင် ကျန်းကျိုးသကြားကြိုရောင်းကြိုဝယ်ဈေးကွက်လည်း ဖြစ်ပေါ်နေပါသည်။ ယခုအခါ နိုင်ငံတကာ သကြားဈေးကွက် အားကောင်းနေသဖြင့် တရုတ်ပြည်တွင်း သကြားဈေးကွက်မှာလည်း အားကောင်းလာမည်ဟု ခန့်မှန်းရပြီး၊ အနာဂတ်တွင် သကြားဖြူ (အပွင့်) ဈေးနှုန်း ဆက်လက်မြင့်တက်ဖွယ်ရှိပါသည်။

Source: SunSirs (စီးပွားရေးသံမှူး-နန်နင်း)

## တောင်ကိုရီးယားနိုင်ငံ၏ ၂၀၂၂ ခုနှစ်၊ မတ်လ (၁) ရက်မှ (၁၀)ရက်နေ့ထိ ကုန်သွယ်မှု အခြေအနေ



This file photo, taken Feb. 11, 2022, shows stacks of containers at a port in South Korea's southeastern city of Busan. (Photo Courtesy: Yonhap)

Korea Customs Agency ၏ကုန်သွယ်မှုစာရင်း အချက်အလက်များအရ တောင်ကိုရီးယားနိုင်ငံသည် ၂၀၂၂ ခုနှစ်၊ မတ်လ (၁) ရက်မှ (၁၀)ရက်နေ့ထိ လဆန်း ၁၀ ရက်တာအတွင်း ပို့ကုန်အမေရိကန်ဒေါ်လာ (၁၈.၇၃၅) ဘီလီယံ၊ သွင်းကုန်အမေရိကန်ဒေါ်လာ (၂၀.၁၂၅) ဘီလီယံ၊ ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ (၃၈.၈၆) ဘီလီယံ ဆောင်ရွက်နိုင်ခဲ့

ကြောင်း တွေ့ရှိရပါသည်။ ပို့ကုန်တွင် ယခင်နှစ်ကာလတူထက် (၁၄.၉) ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး၊ သွင်းကုန်တွင် ယခင်နှစ်ကာလတူထက် (၁၅.၃)ရာခိုင်နှုန်း မြင့်တက်ခဲ့ကာ ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ(၁.၃၉)ဘီလီယံဖြစ်ပေါ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ အဆိုပါကာလအတွင်း နိုင်ငံ၏ အဓိကပို့ကုန်ဖြစ်သော ဆီမီးကွန်ဒတ်တာသည် ယခင်နှစ်ကာလတူထက် (၂၈.၅) ရာခိုင်နှုန်း၊ သံမဏိ(Steel) များသည် (၂၅.၆) ရာခိုင်နှုန်းနှင့် ရေနံထွက်ကုန်များသည် (၉၈.၈) ရာခိုင်နှုန်း အသီးသီးတိုးတက် တင်ပို့လာနိုင်ခဲ့ကြောင်း၊ အဓိကကုန်သွယ်ဖက်များဖြစ်သော တရုတ်နိုင်ငံသို့ (၁၃.၅) ရာခိုင်နှုန်း၊ အမေရိကန်ပြည်ထောင်စုသို့ (၇.၂) ရာခိုင်နှုန်း၊ ဥရောပသမဂ္ဂနိုင်ငံများသို့ (၉) ရာခိုင်နှုန်း အသီးသီးတိုးတက်တင်ပို့နိုင်ခဲ့ကြောင်းတွေ့ရှိရပြီး၊ မော်တော်ယာဉ်တင်ပို့မှု (၂၈) ရာခိုင်နှုန်းနှင့် ဆက်သွယ်ရေးပစ္စည်းတင်ပို့မှု (၁၀.၉) ရာခိုင်နှုန်းခန့် လျော့နည်းတင်ပို့ခဲ့ကြောင်း တွေ့ရှိရပါသည်။ ကုန်စည်ဈေးနှုန်းများမြင့်တက်လာခြင်းကြောင့် သွင်းကုန်တန်ဖိုး ပိုမိုမြင့်တက်လာခဲ့ပြီး၊ ရေနံစိမ်းတင်သွင်းမှုသည် (၉၈.၈) ရာခိုင်နှုန်း၊ ဓါတ်ငွေ့တင်သွင်းမှု (၈၇) ရာခိုင်နှုန်း၊ ရေနံထွက်ကုန် တင်သွင်းမှု (၄၆.၃) ရာခိုင်နှုန်းနှင့် ဆီမီးကွန်ဒတ်တာတင်သွင်းမှု (၁၈.၈) ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ နိုင်ငံအလိုက်တင်သွင်းမှုတွင် တရုတ်နိုင်ငံထံမှ (၁၈.၃) ရာခိုင်နှုန်း၊အမေရိကန်ပြည်ထောင်စုထံမှ (၀.၈)ရာခိုင်နှုန်းနှင့် ဆော်ဒီအာရေးဗျနိုင်ငံမှ တင်သွင်းမှု (၁၀၉.၂) ရာခိုင်နှုန်း အသီးသီးမြင့်တက်လာခဲ့ကြောင်း တွေ့ရှိရပါသည်။

Source: Yonhap News Agency (စီးပွားရေးသံမှူး-ကိုရီးယား)

## ရုရှား-ယူကရိန်းပဋိပက္ခ၏ရိုက်ခတ်မှုကြောင့် တောင်ကိုရီးယားနိုင်ငံ၏ စက်သုံးဆီဈေးနှုန်းများကြီးမြင့်မှုအခြေအနေ




ရုရှားနိုင်ငံသည် ရေနံနှင့်သန့်စင်ပြီး ရေနံထုတ်ကုန်များကို ကမ္ဘာ့ရေနံဈေးကွက်သို့ အဓိကထုတ်လုပ်တင်ပို့လျက်ရှိသည့် ထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်ရာ၊ ယူကရိန်းနိုင်ငံနှင့် ရုရှားနိုင်ငံတို့ ပဋိပက္ခဖြစ်မှုအတွက် ဒဏ်ခတ်မှုအဖြစ် ရုရှားရေနံတင်သွင်းမှုကို အမေရိကန်နိုင်ငံက တားမြစ်ပိတ်ပင်ခဲ့ပြီးနောက် ကမ္ဘာ့ရေနံဈေးနှုန်းများသည် ၂၀၂၂ ခုနှစ်၊ မတ်လအစောပိုင်းကာလတွင် ၂၀၀၈ ခုနှစ် နောက်ပိုင်းကာလ၌ အမြင့်ဆုံးသောအခြေအနေအဖြစ်သို့ ထပ်မံရောက်ရှိလာခဲ့ပါသည်။ တောင်ကိုးရီးယားနိုင်ငံသည် ရုရှားရေနံစိမ်းအပေါ် အလွန်အမင်းမှီခိုနေရပြီး၊ တောင်ကိုရီးယားနိုင်ငံ၏ ရေနံဓာတုစက်မှုလုပ်ငန်းတွင် အဓိကကုန်ကြမ်းများထဲမှ တစ်ခုဖြစ်သည့် Naphtha လေးပုံတစ်ပုံနီးပါး၏ အရင်းအမြစ်သည် ရုရှားနိုင်ငံမှဖြစ်သောကြောင့် ရုရှား-ယူကရိန်း ပဋိပက္ခသည် တောင်ကိုရီးယားရေနံဓါတုလုပ်ငန်းကုမ္ပဏီများအပေါ် ကြီးမားသောသက်ရောက်မှုဖြစ်ပေါ်လျက် ရှိပါသည်။ အဆိုပါအခြေအနေ၏သက်ရောက်မှုအဖြစ် ကိုရီးယားအမျိုးသားရေနံကော်ပိုရေးရှင်း (Korea National Oil Corporation) ၏ စာရင်းများအရ ၂၀၂၂ ခုနှစ်၊ မတ်လ ဒုတိယပတ်အတွင်း တောင်ကိုရီးယားနိုင်ငံတစ်နိုင်ငံလုံးရှိ ဓာတ်ဆီဆိုင်များ၏ ပျမ်းမျှဓာတ်ဆီဈေးနှုန်းသည် ကိုရီးယားဝမ် (၁,၈၄၅) မှ (၂,၀၀၀) ကျော်ဝန်းကျင် (အမေရိကန်ဒေါ်လာ ၁.၅ မှ ၂ ဝန်းကျင်ခန့်ထိ) မြင့်တက်ခဲ့ရာ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလနောက်ပိုင်း (၇) နှစ် ကျော်ကာလအတွင်းတွင် တောင်ကိုရီးယားနိုင်ငံ၌ အမြင့်ဆုံး စက်သုံးဆီဈေးနှုန်းအခြေအနေများဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

စက်သုံးဆီဈေးနှုန်းများမြင့်တက်ခြင်းကြောင့် ဆက်စပ်လျက်ရှိသော Supply Chain တစ်လျှောက်ရှိ ကုန်စည်ဈေးနှုန်းများ မြင့်တက်လာခြင်း၊ ငွေလဲနှုန်းများ ဖောင်းပွမြင့်တက်လာခြင်း စသည်တို့ကြောင့် တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်/ သွင်းကုန်ကဏ္ဍတွင်လည်း အဓိကအားဖြင့် သွင်းကုန်တန်ဖိုးများမြင့်တက်၍ ၂၀၂၂ ခုနှစ်၊ မတ်လ (၁) ရက်မှ (၁၀) ရက်တာထိ ကုန်သွယ်မှုတွင် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ (၁.၃၉) ဘီလီယံ ဖြစ်ပေါ်လျက်ရှိပြီး၊ ကုန်သွယ်မှုကိုမှီခို အားထားရသော နိုင်ငံ၏စီးပွားရေးအပေါ် ဖိအားများ မြင့်တက်လျက်ရှိပါသည်။ ၂၀၂၁ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်း (GDP) သည် (၄) ရာခိုင်နှုန်းတိုးတက်ခဲ့ပြီးသည့်နောက် ၂၀၂၂ ခုနှစ်အတွက် (၃) ရာခိုင်နှုန်း ဆက်လက်တိုးတက်ရန် ကိုရီးယားဗဟိုဘဏ်(The Bank of Korea –BOK) ကခန့်မှန်းထားပြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန က (၃.၁) ရာခိုင်နှုန်းခန့် တိုးတက်ရန် မျှော်မှန်းထားပါသည်။

Source: The Korea Customs Services၊ Korea National Oil Corporation (စီးပွားရေးသံမှူး-ကိုရီးယား)

## လန်ချန်းနှင့် မဲခေါင်ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု LMC တွင် တရုတ်နိုင်ငံ၏ ထိပ်တန်းဆောင်ရွက်ချက်များ




တရုတ်နိုင်ငံနှင့် မဲခေါင်ငါးနိုင်ငံတို့သည် နီးကပ်သော အိမ်နီးချင်းနိုင်ငံများနှင့် တောင်များနှင့် မြစ်ချောင်းများဖြင့် ရေမြေကြောအလိုက် ဆက်သွယ်ထားသော သဘာဝပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်များဖြစ်ကြ၍ ရာစုနှစ်တစ်ခုအတွင်း မကြုံတွေ့ဘူးသော COVID-19 ရောဂါဖြစ်ပွားမှုတိုက်ဖျက်ရေးတွင်လည်း တရုတ်နိုင်ငံသည် မဲခေါင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ဆောင်ရွက်ကာ ကမ္ဘာ့နိုင်ငံအားလုံး၏ စီးပွားရေးပြန်လည်ဦးမော့လာစေရန်နှင့် ဒေသတွင်းပြန်လည်နိုးကြားလာစေရန် ၂၀၂၁ ခုနှစ်အတွင်း အပြုသဘောဆောင်သောပံ့ပိုးမှုများ ပြုလုပ်ခဲ့ပါသည်။ ဒေသတွင်း လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု၏ ရလဒ်ကောင်းများကို ပြသရန်နှင့် ဒေသတွင်း ခြောက်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးကို မီးမောင်းထိုးပြရန်ရည်ရွယ်၍ Lancang-Mekong Cooperation for China Secretariat (LMC) သည် China Report ASEAN of China International Communications Group နှင့် The Mekong River of Yunnan Daily Press Group တို့ ပူးပေါင်း၍ ၂၀၂၁ ခုနှစ် LMC နှင့် မဲခေါင်မြစ်ဝှမ်းအတွင်း တရုတ်နိုင်ငံ၏ဆောင်ရွက်ခဲ့သော ထိပ်တန်းဆောင်ရွက်ချက် ၁၀ ချက်ကို (၂၇-၁-၂၂) ရက်နေ့တွင်ထုတ်ပြန်ခဲ့ရာ ယင်းတို့မှာ အိမ်နီးချင်းနိုင်ငံများနှင့် မျှဝေထားသော အနာဂတ်တွင် အသိုက်အဝန်းတစ်ခုတည်ဆောက်ခြင်း နောက်ပိုင်းအခန်း ကဏ္ဍအတွက် နိုင်ငံတော်အကြီးအကဲ သံတမန်ရေးရာ လမ်းစချမှတ်ခြင်း၊ လန်ချန်း-မဲခေါင် ခြောက်နိုင်ငံအကြား နိုင်ငံရေးအရ အပြန်အလှန်ယုံကြည်မှုခိုင်မာစေမည့် စဉ်ဆက်မပြတ် အဆင့်မြင့်ဖလှယ်မှုများဆောင်ရွက်ခြင်း၊ Lancang-Mekong ကပ်ရောဂါတိုက်ပွဲသည် ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုတွင် ကြီးမားသော တိုးတက်မှုများကို သယ်ဆောင်လာခြင်း၊ တရုတ်-လာအိုရထားလမ်း ဖွင့်လှစ်ပြီး ဒေသတွင်း ဆက်သွယ်မှုကို အားကောင်းစေခြင်း၊ ကူးစက်ရောဂါများ ဖြစ်ပွားနေသည့်အကြားတွင်ပင် စီးပွားရေးနှင့်ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်မှုကြောင့် တိုးတက်မှုရရှိပြီး ထုတ်လုပ်မှုစွမ်းရည် ပူးပေါင်းဆောင်ရွက်မှုများ မှန်မှန်တိုးတက်နေစေခြင်း၊ Lancang-Mekong ပူးပေါင်းဆောင်ရွက်မှုသည် ဒေသန္တရအစိုးရများအကြား အရှိန်အဟုန်တိုးမြင့်လာစေခြင်း၊ ကုန်သွယ်မှုပမာဏ စံချိန်တင်မြင့်မားလာသည်နှင့်အမျှ စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမှ အသီးအပွင့်ရလဒ်များကို ရရှိစေခြင်း၊ ရေအရင်းအမြစ် ပူးပေါင်းဆောင်ရွက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ထူးထူးခြားခြားရလဒ်များ၊ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်းသည် သန်းပေါင်းများစွာသော မိသားစုများကို အကျိုးပြုခြင်းနှင့် လူသားအချင်းချင်းယဉ်ကျေးမှုဖလှယ်မှုများတွင် အထင်ကြီးဖွယ် ရလဒ်များရရှိခြင်း တို့ဖြစ်ပါသည်။

Source: English.yunnan.cn/html/2022/consulgeneral_0128/27978.html (စီးပွားရေးသံမှူး-ကူမင်း)

## ပြင်ပကမ္ဘာနှင့် ပိုမိုချိတ်ဆက်မှုများဆောင်ရွက်ရန် ပြုပြင်ပြောင်းလဲရေး အစီအစဉ်များ တရုတ်နိုင်ငံ ယူနန်ပြည်နယ်ကြေညာခဲ့



ယူနန်ပြည်နယ်မှ အကောက်ခွန်အရာရှိများ တရုတ်-လာအိုနိုင်ငံ တကာကုန်တင်ရထားများ၏ ကွန်တိန်နာများတွင် တံဆိပ်တုံး seals များစစ်ဆေးနေပုံ

၂၀၂၂ ခုနှစ်တွင် တရုတ်နိုင်ငံ၊ယူနန်ပြည်နယ်သည် ပြင်ပကမ္ဘာနှင့် အဓိကကျသော နယ်ပယ်များနှင့် အဓိကချိတ်ဆက်မှုများတွင် ပြုပြင်ပြောင်းလဲရေးကို နက်ရှိုင်းစွာလုပ်ဆောင်မည်ဖြစ်ပြီး၊ ပွင့်လင်းမြင်သာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအ

တွက် နယ်ပယ်သစ်များတွင် ပိုမိုကျယ်ပြန့်စွာ ဖွင့်လှစ်သွားမည်ဟု ပြည်နယ်အစိုးရ၏ ပဉ္စမအကြိမ် ပြည်သူ့ကွန်ဂရက်၏ ၁၃ ကြိမ်မြောက်အစည်းအဝေးတွင် ထုတ်ပြန်ခဲ့သည့် ပြည်နယ်အစိုးရ လုပ်ငန်းအစီရင်ခံစာအရ သိရှိရပါသည်။ တရုတ်-လာအိုရထားလမ်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုံးနှစ်တာစီမံချက်ကို အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး အိမ်နီးချင်းနိုင်ငံများတွင် ထောက်ပံ့ပို့ဆောင်ရေးစနစ်များ ဖွံ့ဖြိုးတိုးတက်ရေးတွင်ပါဝင်ကာ တရုတ်-လာအိုနိုင်ငံတကာကုန်စည်ပို့ဆောင်ရေး ရထားများအကြီးစားလည်ပတ်မှုကို မြှင့်တင်သွားမည်ဖြစ်ကြောင်း သိရသည်။ တရုတ်-မြန်မာ အိန္ဒိယသမုဒ္ဒရာလမ်းကြောင်း သစ်အောက်တွင် ပင်လယ်၊မီးရထားနှင့် လေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ယူနန်ပြည်နယ်သည် နိုင်ငံခြားကုန်သွယ်မှု၏ ပုံစံသစ်များကို ပံ့ပိုးပေးမည်ဖြစ်ပြီး၊ နိုင်ငံတွင်းကုန်သွယ်မှုဝန်ဆောင်မှုများတွင် ဆန်းသစ်တီထွင်သော ဖွံ့ဖြိုးတိုးတက်မှုအတွက် စမ်းသပ်မှုများ၊ ပြည်ပတွင် သိုလှောင်ရုံများချဲ့ထွင်ရန်၊ သွင်းကုန်၊ ထုတ်ကုန်ဖြန့်ဖြူးရေးဆိုင်ရာ ပလပ်ဖောင်းများနှင့် အချက်အချာကျသောနေရာများ တည်ဆောက်ကာ အင်ဒို-တရုတ် ကျွန်းဆွယ်ရှိနိုင်ငံများနှင့် ကုန်သွယ်မှုတိုးချဲ့မည် ဖြစ်သည်။ ပွင့်လင်းသောပူးပေါင်းဆောင်ရွက်မှုအတွက် ယူနန်သည်အရည်အသွေးမြင့် ပလပ်ဖောင်းများ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ တရုတ်နိုင်ငံ (ယူနန်) ရှေ့ပြေးစမ်းသပ်သော လွတ်လပ်သည့် ကုန်သွယ်မှုဇုန် Pilot Free trade zone-PFTZ တွင် ရှေ့ပြေးပြုပြင်ပြောင်းလဲရေးလုပ်ငန်း ၁၅၉ ခုကို အကောင်အထည်ဖော်ရာတွင် ယူနန်ပြည်နယ် အပြည့်အဝတိုးတက်မှုရှိလာမည် ဖြစ်သည်။ တရုတ်-တောင်အာရှကုန်စည်ပြပွဲနှင့် တရုတ်နိုင်ငံတကာခရီးသွားလာရေးပြပွဲတို့ကို အဆင့်အတန်းမြင့်မြင့် ကျင်းပမည်ဖြစ်ပြီး ယူနန်ပြည်နယ်အဆင့်ပြပွဲများနှင့် နိုင်ငံတကာပွဲများ ပိုမိုကျင်းပခွင့်ရရှိရေး ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ပါသည်။

၂၀၂၁ ခုနှစ်တွင် ယူနန်ပြည်နယ်သည် ပြုပြင်ပြောင်းလဲရေးကို နက်နက်ရှိုင်းရှိုင်း ဆက်လက်လုပ်ဆောင်ခဲ့ပြီး ပွင့်လင်းမြင်သာမှုချဲ့ထွင်ကာ ၎င်း၏ဖွံ့ဖြိုးတိုးတက်မှုအား ပိုမိုမြှင့်တင်ခဲ့သည်။ ယင်းနှစ်အတွင်းတွင် တရုတ်-လာအို မီးရထားလမ်းသည် ကောင်းမွန်စွာစတင်နိုင်ခဲ့ပြီး တရုတ်-မြန်မာ အိန္ဒိယသမုဒ္ဒရာရေလက်ကြားလမ်းသစ် စမ်းသပ်မှုအောင်မြင်ခဲ့ပါသည်။ ယူနန်သည် နိုင်ငံခြားကုန်သွယ်မှု အသွင်ကူးပြောင်းမှုနှင့် အဆင့်မြှင့်တင်ရေး အခြေစိုက်စခန်းအသစ်နှစ်ခုကို နိုင်ငံတော်အဆင့် တည်ဆောက်နိုင်ခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် ပြည်နယ်၏ GDP သည် ယွမ် ၂.၇၁ ထရီလီယံ (ဒေါ်လာ ၄၂၆.၂ ဘီလီယံ)ရှိပြီး တစ်နှစ်ထက်တစ်နှစ် ၇.၃ ရာခိုင်နှုန်း တိုးလာခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် နယ်စပ်ဖြတ်ကျော် e-commerce ကုန်သွယ်မှုပမာဏသည် ၁၁၇.၄ ရာခိုင်နှုန်းတိုးလာပြီး စုစုပေါင်းသွင်းကုန်နှင့် ပို့ကုန်ပမာဏသည် ၁၆.၈ ရာခိုင်နှုန်း တိုးလာခဲ့သည်။ ပွင့်လင်းသော ပူးပေါင်းဆောင်ရွက်မှုအတွက် အရည်အသွေးမြင့်ပလပ်ဖောင်းများလည်း တည်ဆောက်မည်ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်တွင် ယူနန်ပြည်နယ်သည်ပြုပြင်ပြောင်းလဲရေးကို နက်နက်ရှိုင်းရှိုင်း ဆက်လက်လုပ်ဆောင်ခဲ့ပြီး ပွင့်လင်းမြင်သာမှုကိုချဲ့ထွင်ကာ ၎င်း၏ဖွံ့ဖြိုးတိုးတက်မှုအား ပိုမိုမြှင့်တင်ခဲ့ကြောင်းသိရှိရပါသည်။

Source: htpps://englishyunnan.cn/html/2022/consulgeneral_0129/27996.html (စီးပွားရေးသံမှူး-ကူမင်း)

## စင်ကာပူနှင့် ဗြိတိန်နှစ်နိုင်ငံအကြား ဒီဂျစ်တယ် စီးပွားရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့

ဗြိတိန် – စင်ကာပူ ဒီဂျစ်တယ်စီးပွားရေးသဘောတူစာချုပ် (UK – Singapore Digital Economy Agreement – UKSDEA) ကို စင်ကာပူနိုင်ငံဘက်မှ ကုန်သွယ်မှု ဆက်ဆံရေးဆိုင်ရာ တာဝန်ခံဝန်ကြီး S Iswaran နှင့် ဗြိတိန်နိုင်ငံဘက်မှ နိုင်ငံတကာကုန်သွယ်ရေးဝန်ကြီး Anne-Marie Trevelyan တို့က ၂၅ - ၂ - ၂၀၂၂ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း စင်ကာပူနိုင်ငံ၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရှိရပါသည်။ အဆိုပါ UKSDEA စာချုပ်ကို ၂၅ - ၂ - ၂၀၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ဗြိတိန် – စင်ကာပူ လွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ်ဆိုင်ရာ ပထမအကြိမ် ကုန်သွယ်ရေးကော်မတီအစည်းအဝေး အစီအစဉ်ပြီးနောက် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပါသည်။ UKSDEA သည် စင်ကာပူနိုင်ငံ၏ တတိယမြောက် ဒီဂျစ်တယ်စီးပွားရေးသဘောတူစာချုပ်ဖြစ်ပြီး၊ ယင်းစာချုပ်တွင် Data flows အပါအဝင် Artificial Intelligence ၊ FinTech (Financial Technology) ၊ RegTech (Regulatory Technology) ၊ Digital Identities ၊ Legal Technology စသည့် ဖွံ့ဖြိုးတိုးတက်လာသော တီထွင်ဆန်းသစ်မှုနယ်ပယ်များနှင့် စပ်လျဉ်း၍ စည်းနှောင်မှုရှိသည့် စည်းကမ်းများကို ပြဋ္ဌာန်းထားကြောင်းဖော်ပြထားပါသည်။ ဗြိတိန်နိုင်ငံသည် စင်ကာပူနိုင်ငံ၏ ဆဋ္ဌမမြောက်အများဆုံး ဝန်ဆောင်မှုကုန်သွယ်ရေး (Services Trade) ပြုလုပ်သောနိုင်ငံဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်စာရင်းအရ နှစ်နိုင်ငံအကြား ဝန်ဆောင်မှုကုန်သွယ်ရေးပမာဏသည် စင်ကာပူဒေါ်လာ ၂၂ ဘီလီယံကျော်ရှိပါကြောင်း၊ ယင်းပမာဏ၏ ၇၀ ရာခိုင်နှုန်းနီးပါးသည် ဒီဂျစ်တယ်နည်း

လမ်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဥရောပနိုင်ငံများအနက် ဗြိတိန်သည် စင်ကာပူတွင် ဒုတိယမြောက်အများဆုံး လာရောက် ရင်းနှီးမြှုပ်နှံထားသော နိုင်ငံဖြစ်ပါကြောင်း၊ စင်ကာပူတွင် ဗြိတိန်၏ရင်းနှီးမြှုပ်နှံမှုပမာဏသည် စင်ကာပူဒေါ်လာ ၁၀၀ ဘီလီယံကျော်ရှိပြီး၊ ဗြိတိန်တွင် စင်ကာပူ၏ ရင်းနှီးမြှုပ်နှံမှုပမာဏသည် စင်ကာပူဒေါ်လာ ၆၀ ဘီလီယံ နီးပါးရှိကြောင်း ဖော်ပြထားပါသည်။

ယခုနှစ်အတွင်း နှစ်နိုင်ငံအကြားအစိမ်းရောင်စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု မူဘောင်တစ်ခုကို ချမှတ်လုပ်ဆောင်နိုင်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုအကာအကွယ်ပေးရေး သဘောတူစာချုပ်ဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုများကို စတင်ဆောင်ရွက်သွားကြမည်ဟု သဘောတူညီခဲ့ကြကြောင်းသိရှိရပါသည်။

သတင်းရင်းမြစ် ။ Ministry of Trade and Industry, Singapore (စီးပွားရေးသံမှူး-စင်ကာပူ)

## စင်ကာပူနှင့် ဗီယက်နမ်နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန်အတွက် နားလည်မှုစာချွန်လွှာ (MoU)ကို လက်မှတ်ရေးထိုးခဲ့

စင်ကာပူနှင့် ဗီယက်နမ်နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာအားကောင်းလာစေရန်အတွက် စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ (Memorandum of Understanding on Economic and Trade Cooperation) ကို ၂၅ - ၂ - ၂၀၂၂ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း စင်ကာပူနိုင်ငံ၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရှိရပါသည်။ အဆိုပါနားလည်မှုစာချွန်လွှာကို စင်ကာပူနိုင်ငံ၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၏ ဝန်ကြီး (၂) Dr Tan See Leng နှင့် ဗီယက်နမ်နိုင်ငံ၊ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန၏ ဝန်ကြီး Nguyen Hong Dien တို့က လက်မှတ်ရေးထိုးခဲ့ကြပြီး၊ စင်ကာပူနိုင်ငံသို့ နိုင်ငံတော်အဆင့်ခရီးစဉ်အဖြစ်ရောက်ရှိလာသော ဗီယက်နမ်နိုင်ငံ၏ သမ္မတ Nguyen Xuan Phuc နှင့် စင်ကာပူနိုင်ငံဝန်ကြီးချုပ် Lee Hsien Loong တို့မှ အသိသက်သေများအဖြစ် ပါဝင်တက်ရောက်ခဲ့ကြပါသည်။

MoU ဖြင့် စီးပွားရေးလုပ်ငန်းများ၏ ပူးပေါင်းဆောင်ရွက်မှုများကို လွယ်ကူချောမွေ့စေရေး၊ ဒီဂျစ်တယ်စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် ကိစ္စရပ်များအား စူးစမ်းရှာဖွေရေး၊ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်ဖြန့်ဖြူးရေးကွင်းဆက်ချိတ်ဆက်မှုအပေါ် အထောက်အကူပြုရေး စသည့်လုပ်ငန်းများကို ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ MOU သည် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အကောင်းဆုံးသောအလေ့အကျင့်များ၊ အသိအမှတ်ပြုလက်မှတ်နှင့် စံချိန်စံညွှန်းများဆိုင်ရာ သင်တန်းပေးခြင်း၊ သတင်းအချက်အလက်မျှဝေခြင်းနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများရှာဖွေခြင်းတို့အား ပံ့ပိုးပေးမည်ဖြစ်၍ လယ်ယာထွက်ကုန်ပစ္စည်းများကုန်သွယ်မှုနှင့် ပတ်သက်၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစွာဆောင်ရွက်လာစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် စက်မှုနှင့် စွမ်းအင်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်လုပ်ဆောင်ရန်နှင့် နှစ်နိုင်ငံရှိ SMEs များအကြား ပိုမိုပူးပေါင်းဆောင်ရွက်လာနိုင်စေရန် ရည်ရွယ်ပါကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု စီးဝင်/စီးထွက်မှုများ ပိုမိုနက်ရှိုင်းလာစေရန် နှစ်ဖက်အကျိုးဖြစ်ထွန်းမည့် စီးပွားရေးနယ်ပယ်များတွင် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများကို စူးစမ်းလေ့လာသွားကြမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

သတင်းရင်းမြစ် ။ Ministry of Trade and Industry, Singapore (စီးပွားရေးသံမှူး-စင်ကာပူ)

## ရုရှား-ယူကရိန်း ပဋိပက္ခကြောင့် အီးယူ၏ စားသောက်ကုန်နှင့် မွေးမြူရေးကဏ္ဍအပေါ် ထိခိုက်နိုင်

ရုရှားနှင့်ယူကရိန်းနိုင်ငံတို့အကြား လက်ရှိဖြစ်ပေါ်နေသည့် ပဋိပက္ခကြောင့် အီးယူ၏ အသားနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းကဏ္ဍတို့အတွက် လိုအပ်သည့် ကောက်နှံများ ကုန်သွယ်မှုကို အဟန့်အတားဖြစ်စေနိုင်သည်ဟု ဥရောပကော်မရှင်၏ ကျွမ်းကျင်သူများက မျှော်မှန်းထားကြကြောင်း၊ ယင်းပဋိပက္ခကြောင့် အီးယူ၏ လယ်သမားများနှင့် စားသောက်ကုန်ထုတ်လုပ်မှုစနစ်တို့အပေါ် ထိခိုက်နိုင်သည်ဟု ဥရောပပါလီမန်၌ အီးယူ၏ အကြီးတန်းအရာရှိတစ်ဦးက သတိပေးပြောကြားထားကြောင်း Politico ဝက်ဘ်ဆိုဒ်၌ “Ukraine war ‘will be painful’ for EU food and farming, Commission official warns” ခေါင်းစဉ်ဖြင့် သတင်းဖော်ပြထားပါသည်။ အီးယူသည် မွေးမြူရေးလုပ်ငန်းကဏ္ဍအပေါ် များစွာအထောက်အပံ့ပေးထားပြီး၊ ယင်းကဏ္ဍသည် အီးယူပို့ကုန်အတွက်အရေးပါကြောင်း၊ သို့သော် အီးယူ၏ အသားနှင့်နို့ထွက်ပစ္စည်းလုပ်ငန်းများအနေဖြင့် ယူကရိန်းနိုင်ငံထံမှ တိရစ္ဆာန်အစာသီးနှံများ တင်သွင်းမှုအပေါ် မှီခိုနေရခြင်းနှင့် ရုရှားနိုင်ငံထံမှ ဓါတ်ငွေ့နှင့် ဓါတ်မြေဩဇာများတင်သွင်းမှုကို အားထားနေရခြင်းတို့ကြောင့် အီးယူရှိ စားသောက်ကုန်နှင့် မွေးမြူရေးကဏ္ဍတို့၌ ထိခိုက်လာနိုင်ခြင်းဖြစ်ကြောင်း သိရပါသည်။

ရုရှားနှင့်ယူကရိန်း ပဋိပက္ခသည် အီးယူ၏ လယ်ယာထွက်စားသောက်ကုန် ကဏ္ဍအပေါ်များစွာ သက်ရောက်နိုင်ပြီး၊ ထိခိုက်မှုရှိနိုင်သည်ဟု ဥရောပကော်မရှင် စိုက်ပျိုးရေးဌာန၏ အကြီးတန်းအရာရှိတစ်ဦးဖြစ်သူ Michael Scannell က ဥရောပပါလီမန်အမတ်များအား ပြောကြားကြောင်း၊ ရုရှားနှင့် ယူကရိန်းနိုင်ငံတို့သည် ကမ္ဘာ့ဂျုံနှင့် မုယောကုန်သွယ်မှု၏ (၃၀) ရာခိုင်နှုန်းကျော်၊ ပြောင်းကုန်သွယ်မှု၏ (၁၇) ရာခိုင်နှုန်းခန့်၊ နေကြာဆီ၊ အစေ့များနှင့် တိရစ္ဆာန်အစာဖတ်များ ကုန်သွယ်မှုတွင် (၅၀) ရာခိုင်နှုန်းကျော်တို့ကို ကိုယ်စားပြုထားကြောင်း၊ သို့ရာတွင် ရုရှားနှင့် ပဋိပက္ခကြောင့် ယူကရိန်းနိုင်ငံ၏ အဓိကကုန်သွယ်ရေးလမ်းကြောင်းဖြစ်သည့် ပင်လယ်နက်ဆိပ်ကမ်းများမှ တစ်ဆင့်ကုန်သွယ်မှုသည် ရပ်တန့်နေကြောင်း Scannell က ပြောကြားသည်ဟု ဖော်ပြထားပါသည်။ ကုန်သွယ်မှုသည် အလုံးစုံရပ်တန့်နေပြီဖြစ်ပြီး၊ အဆိုပါ ပင်လယ်နက်ဒေသဆိပ်ကမ်းများမှ သင်္ဘောအဝင်/အထွက်များ မရှိကြောင်း၊ ထို့ပြင် ပဋိပက္ခဆက်လက်ဖြစ်ပွားနေသဖြင့် ယင်းအခြေအနေသည် ပြောင်းလဲမည်မဟုတ်ဟု မျှော်မှန်းထားကြောင်း Scannell က ပြောကြားပါသည်။ ယူကရိန်း လယ်သမားများအနေဖြင့် ပြောင်းကဲ့သို့သော ကောက်ပဲသီးနှံများကို နွေရာသီတွင် စိုက်ပျိုးနိုင်ခြင်းမရှိခဲ့လျှင် ကာလလတ်တွင် အကျပ်အတည်းဖြစ်စေနိုင်ကြောင်း အီးယူ၏ အရာရှိများက သတိပေးပြောကြားထားပါသည်။

အီးယူ၏ စားသောက်ကုန်ထုတ်လုပ်မှုသည် ပြည်ပမှ ဓါတ်မြေဩဇာ၊ သဘာဝဓါတ်ငွေ့နှင့် တိရစ္ဆာန်အစာများ တင်သွင်းမှုအပေါ် များစွာမှီခိုနေရသဖြင့် ပြည်တွင်းစားနပ်ရိက္ခာဖူလုံမှုကို အားကောင်းစေရန် လိုအပ်လျက်ရှိသည်ကို ဥရောပပါလီမန်အမတ်များက ထောက်ပြပြောဆိုကြကြောင်း၊ ဥရောပကော်မရှင်အနေဖြင့် အဆိုပါနယ်ပယ်များအားလုံး၌ အားနည်းချက်များကို ဖြေရှင်းနိုင်ရေးဦးတည်ဆောင်ရွက်နေကြောင်း Scannell က ပါလီမန်အမတ်များအား ပြောကြားကြောင်း ဖော်ပြထားပါသည်။ ၂၀၁၄ ခုနှစ်တွင် ခရိုင်းမီးယားအရေးကိစ္စကြောင့် အီးယူက ရုရှားအပေါ် စီးပွားရေးပိတ်ဆို့ခဲ့မှုကို တုံ့ပြန်သည့်အနေဖြင့် ရုရှားနိုင်ငံက အီးယူစားသောက်ကုန်များစွာအပေါ် ကုန်သွယ်ရေးပိတ်ဆို့ထားပြီးနောက်ပိုင်းတွင် အီးယူနှင့် ရုရှားတို့အကြား လယ်ယာထွက်စားသောက်ကုန်များ ကုန်သွယ်မှုသည် များစွာကျဆင်းခဲ့ပြီးဖြစ်ကြောင်း၊ ကုန်သွယ်ရေး ပိတ်ဆို့မှုရှိနေစေကာမူ အီးယူ၏ လယ်ယာထွက်စားသောက်ကုန်များ ဝယ်ယူမှုတန်ဖိုးအရကြည့်လျှင် ရုရှားနိုင်ငံသည် အီးယူ၏ တတိယအကြီးဆုံး ကုန်သွယ်ဖက်အဖြစ်တည်ရှိနေဆဲဖြစ်ကြောင်း ဖော်ပြထားပါသည်။ သို့သော် ရုရှားနိုင်ငံအပေါ် အီးယူက စီးပွားရေးပိတ်ဆို့မှုအသစ်များ ချမှတ်ခဲ့ခြင်းကြောင့် အီးယူ၏ ဝိုင်၊ အရက်၊ ချောကလက် စသည့်ကုန်စည်များ ရုရှားသို့ တင်ပို့မှုအပေါ် သက်ရောက်နိုင်ဖွယ်ရှိကြောင်း၊ မည်သို့ပင်ဖြစ်စေ ပြည်တွင်းစားသောက်ကုန် ဖူလုံမှုအပေါ် စိုးရိမ်မှုများနှင့်ပတ်သက်၍ အီးယူ၏ လယ်ယာထွက်စားသောက်ကုန်စနစ်သည် ကောင်းစွာကြံ့ကြံ့ခံနိုင်ပြီး အားကောင်းမှုရှိသည်ကို ကပ်ရောဂါကာလအတွင်း သက်သေပြသခဲ့ပြီးဖြစ်သည်ဟု အီးယူ၏ ထိပ်တန်းအရာရှိများက ပြောကြားကြောင်း သိရပါသည်။

ရင်းမြစ် - https://www.politico.eu/article/eu-commission-warns-of-major-food-and-farming-impact-of-russia-ukraine-war/ (စီးပွားရေးသံမှူး-ဘယ်လ်ဂျီယံ)

## စွမ်းအင်ဈေးနှုန်းမြင့်တက်မှုမှ ခုသာခံသာရှိစေရေး ခရိုအေးရှားနိုင်ငံအစိုးရက ယူရို (၆၃၇) သန်း တန်ဖိုးရှိ အစီအမံများကို ချမှတ်ဆောင်ရွက်

စွမ်းအင်ဈေးနှုန်းမြင့်တက်မှုကြောင့် လယ်သမားများ၊ အိမ်ထောင်စုများနှင့် ကုမ္ပဏီများအား အထောက်အပံ့ပေးမှု၊ တန်ဖိုးဖြည့် အခွန်နှုန်းထားလျှော့ချပေးမှုနှင့် ဈေးနှုန်းကန့်သတ်မှုများ ပါဝင်သော ယူရို (၆၃၇) သန်းတန်ဖိုးရှိ အထောက်အကူအစီအမံများကို ခရိုအေးရှားနိုင်ငံအစိုးရကချမှတ် ဆောင်ရွက်ထားကြောင်း သိရပါသည်။ အိမ်ထောင်စုများအတွက် လျှပ်စစ်ဓါတ်အားဈေးနှုန်းကို လက်ရှိဈေးနှုန်းအဆင့်၏ အထက် (၉.၆) ရာခိုင်နှုန်းတွင်လည်းကောင်း၊ သဘာဝဓါတ်ငွေ့ဈေးနှုန်း မြင့်တက်မှုကို (၂၀) ရာခိုင်နှုန်းတွင်လည်းကောင်း ကန့်သတ်ထားမည်ဟု ခရိုအေးရှားနိုင်ငံဝန်ကြီးချုပ် Andrej Plenkovic က ပြောကြားပါသည်။ အနွေးပေးစွမ်းအင်အပေါ် တန်ဖိုးဖြည့်အခွန် (VAT) နှုန်းထားအား (၂၅) ရာခိုင်နှုန်းမှ (၁၃) ရာခိုင်နှုန်းသို့ လျှော့ချမည်ဖြစ်ပြီး၊ သဘာဝဓါတ်ငွေ့အပေါ် ကောက်ခံသည့် VAT နှုန်းကို လည်း ၁-၄-၂၀၂၂ ရက်မှ ၃၁-၃-၂၀၂၃ အထိကာလအတွက် (၂၅) ရာခိုင်နှုန်းမှ (၅) ရာခိုင်နှုန်းသို့ လျှော့ချသွားမည်ဖြစ်ကြောင်း၊ ထို့နောက်တွင် (၁၃) ရာခိုင်နှုန်းသို့ ပြန်လည်မြှင့်တင်ကောက်ခံမည်ဖြစ်ကြောင်း သိရပါသည်။

ထို့ပြင် လတ်ဆတ်အသား၊ ငါး၊ ဥများ၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ဟင်းချက်ဆီ၊ ကလေးသူငယ်အစားအစာ၊ အစေ့များနှင့် ဓါတ်မြေဩဇာတို့အပေါ် VAT နှုန်းထားကို (၁၃) ရာခိုင်နှုန်းမှ (၅) ရာခိုင်နှုန်းသို့ လျှော့ချမည်ဖြစ်ပါသည်။ စွမ်းအင်ဈေးနှုန်းမြင့်တက်မှုမှခုသာခံသာရှိစေရေး ခရိုအေးရှားနိုင်ငံအစိုးရ၏အစီအမံသည် လယ်သမားများ၊ စွမ်းအင်သုံးစွဲခ

မတတ်နိုင်သည့် အိမ်ထောင်စုများနှင့် အသေးစားအလတ်စား ကုမ္ပဏီများအတွက် ကုန်ကျစရိတ်ပိုင်း ထောက်ပံ့ပေးနိုင်ရေး ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရပါသည်။

ရင်းမြစ် - https://www.total-croatia-news.com/ (စီးပွားရေးသံမှူး-ဘယ်လ်ဂျီယံ)

## ကမ္ဘာလုံးဆိုင်ရာ ကွန်တိန်နာရှားပါးမှုပြဿနာကြောင့် အီးယူ၌ ပင်လယ်စာဈေးနှုန်းများ မြင့်တက်

အီးယူ၏ ပင်လယ်စာထုတ်ကုန်ဈေးကွက်သည် ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ ကန့်သတ်ချက်များဖြေလျှော့မှုကြောင့် မြန်ဆန်စွာ ပြန်လည်ကောင်းမွန်လာသည့်အခြေအနေတွင် ရှိသော်လည်း ပင်လယ်စာတင်ပို့နိုင်ငံများသည် ကွန်တိန်နာ ပြတ်လပ်မှုအခက်အခဲကြောင့် ရုန်းကန်နေကြရကြောင်း၊ ယင်း၏ အကျိုးဆက်အဖြစ် အီးယူသို့ ပင်လယ်စာသင်္ဘော တင်ပို့ခဈေးနှုန်းများ မြင့်တက်လာသဖြင့် ပင်လယ်စာဈေး မြင့်တက်လာပြီး၊ အီးယူဝယ်လက်များက ပင်လယ်စာ တင်ပို့ ရောင်းချလိုသည့် ဈေးကွက်သစ်များကို ရှာဖွေလာကြကြောင်း သိရပါသည်။ အေးခဲငါးနှင့် ပင်လယ်စာတို့သည် ကမ္ဘာ့ကုန်သွယ်မှုအများဆုံးပြုလုပ်သည့် ကုန်စည်အမျိုးအစားများတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ သို့ရာတွင် ထုတ်လုပ်ရာနိုင်ငံနှင့် ဝယ်လက်နိုင်ငံများအကြား ပထဝီအနေအထားအရအလှမ်း ကွာဝေးသည့် အခြေအနေများလည်းရှိနေကြောင်း၊ ၂၀၂၀ ခုနှစ်တွင် ကမ္ဘာ့အေးခဲငါးနှင့် ပင်လယ်စာကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ (၁၀၀) ဘီလျံ ဝန်းကျင်သို့ ရောက်ရှိခဲ့ကြောင်း သိရပါသည်။

အေးခဲငါးနှင့် ပင်လယ်စာထုတ်ကုန်များကို အဓိကအားဖြင့် အအေးခန်းကွန်တိန်နာများဖြင့် သင်္ဘောတင်ကြရခြင်းဖြစ်ရာ ကိုဗစ်-၁၉ ကပ်ရောဂါစတင်ဖြစ်ပွားချိန်တွင် social distancing ကန့်သတ်ချက်များကြောင့် အဟန့်အတားများဖြစ်ပေါ်ခဲ့ခြင်း၊ ဆိပ်ကမ်းစီမံမှုလုပ်ငန်းများအပေါ် ကြီးစွာသက်ရောက်ခဲ့ခြင်းတို့နှင့်အတူ အေးခဲငါးနှင့် ပင်လယ်စာများ သယ်ယူပို့ဆောင်မှုတွင်လည်း သက်ရောက်ခဲ့ပါသည်။ ကွန်တိန်နာသင်္ဘောလိုင်းများ နိုင်ငံဖြတ်ကျော် ရွှေ့ပြောင်းသွားလာမှု ကျဆင်းခဲ့ပြီး၊ ဆိပ်ကမ်းများ၌ ကွန်တိန်နာများစုပုံနေခြင်းကြောင့် ကွန်တိန်နာရှားပါးမှုအခက်အခဲ ဖြစ်ပေါ်ခဲ့ပါသည်။ ကွန်တိန်နာရှားပါးမှုပြဿနာနှင့် ကွန်တိန်နာဝယ်လိုအားမြင့်တက်မှုကြောင့် ကွန်တိန်နာ သင်္ဘောတင်ဈေးနှုန်းမြင့်တက်လာခဲ့ပါသည်။ အေးခဲပင်လယ်စာထုတ်ကုန် ကွန်တိန်နာ တစ်လုံးအတွက် သင်္ဘောတင်ခ အမေရိကန်ဒေါ်လာ (၁၁၀၀၀) မှ (၁၆၀၀၀) အကြား ပေးဆောင်နေကြရကြောင်း အီးယူရှိ သွင်းကုန်လုပ်ငန်းရှင်များက ဆိုကြသည်။ ကိုဗစ်-၁၉ ကပ်ရောဂါမတိုင်မီက ယင်းဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ (၂၀၀၀-၃၀၀၀) ဝန်းကျင်သာရှိကြောင်း သိရပါသည်။ ထိုသို့ ကွန်တိန်နာဈေးနှုန်းမြင့်တက်မှုသည် စားသုံးသူများအတွက် ဈေးကွက်အတွင်း ပင်လယ်စာဈေးနှုန်းမြင့်တက်မှုကို ဖြစ်ပေါ်စေလျက်ရှိကြောင်း၊ ငါးနှင့်ပင်လယ်စာထုတ်လုပ်သည့် နိုင်ငံများရှိ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့်လည်း ဝယ်လက်များက ၎င်းတို့၏အမြတ်အစွန်းကို ထိန်းထားနိုင်ရေးအတွက် ဈေးနှုန်းလျှော့ချပေးရန် တောင်းဆိုမှုများကို ကြုံရနိုင်ကြောင်း သိရပါသည်။ ပြီးခဲ့သည့်လများအတွင်း တရုတ်၊ အိန္ဒိယနှင့် ဗီယက်နမ်နိုင်ငံများအနေဖြင့် ဗိုင်းရပ်စ် ကူးစက်မှုထိန်းချုပ်နိုင်ရေး ကန့်သတ်ချက်အသစ်များချမှတ်ရသဖြင့် သင်္ဘောတင်ပို့မှုများ လျော့ကျခြင်းနှင့် ကွန်တိန်နာစုပုံမှုပိုမိုဖြစ်ပေါ်စေခြင်းများ ရှိလာနိုင်ကြောင်း၊ ပုံမှန်အားဖြင့် အာရှဒေသမှ ဥရောပသို့ သင်္ဘောတင်ပို့ရာတွင် ရက်ပေါင်း (၃၀ မှ ၄၀) ခန့်သာ ကြာမြင့်သော်လည်း ယခုအခါ ရက်ပေါင်း (၆၀ မှ ၈၀ ) ခန့်အထိ ကြာမြင့်နိုင်ကြောင်း သိရပါသည်။

ယခုအခါ အီးယူရှိ ပင်လယ်စာဝယ်လက်များသည် ပင်လယ်စာရရှိမှု တည်ငြိမ်စေရေးနှင့် ဈေးကွက်ဝယ်လိုအားကို ပြည့်မီစေရေးတို့အတွက် supplier အသစ်များကို ရှာဖွေလာကြကြောင်း၊ ဥပမာအားဖြင့် ပုစွန်တင်သွင်းသူများသည် အီကွေဒေါ၊ ဟွန်ဒူးရပ်စ်၊ ဗင်နီဇွဲလားစသည့် လက်တင်အမေရိကန်နိုင်ငံများမှ ပိုမိုဝယ်ယူတင်သွင်းရန် ရှာဖွေလာကြကြောင်း၊ ထို့ကြောင့် ၎င်းနိုင်ငံများရှိ ပို့ကုန်လုပ်ငန်းရှင်များအတွက် အီးယူ၌ ဈေးကွက်ချဲ့ထွင်နိုင်ရေးအခွင့်အလမ်းကောင်းများ ဖြစ်လာနိုင်ကြောင်း သိရပါသည်။ ကိုဗစ်-၁၉ ကပ်ရောဂါသည် ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ပြီး၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကူးစက်ပြန့်ပွားနေဆဲဖြစ်ရာ ကွန်တိန်နာရှားပါးမှု အခက်အခဲသည်မည်မျှအထိကြာမည်ကို ခန့်မှန်းရန် မလွယ်ကူကြောင်း သိရပါသည်။ ထောက်ပံ့သယ်ယူရေးဆိုင်ရာ ကျွမ်းကျင်သူများက ကွန်တိန်နာဈေးနှုန်းများသည် (၆) လမှ (၁၈) လအတွင်း ပုံမှန်ပြန်ဖြစ်နိုင်သည်ဟု ခန့်မှန်းထားကြသော်လည်း ကပ်ရောဂါမဖြစ်ပွားမီကာလထက် အနည်းငယ် ဈေးနှုန်းမြင့်မားနေဦးမည်ဖြစ်သည်ဟုဆိုသည်။ ကမ္ဘာ့ဈေးကွက်နိုင်ငံများ၌ အားလပ်ရက်အတွက် ဝယ်ယူမှုများကြောင့် မြင့်တက်ခဲ့သည့် အေးခဲငါးနှင့်ပင်လယ်စာဝယ်လိုအားသည် ၂၀၂၂ ခုနှစ်၊ အစောပိုင်းကာလတွင် ပြန်လည်ကျဆင်းမည်ဟု ကျွမ်းကျင်သူများက ခန့်မှန်းထားကြပါသည်။

ရင်းမြစ်-https://www.cbi.eu/news/global-container-shortage-pushes-seafood-prices (စီးပွားရေးသံမှူး-ဘယ်လ်ဂျီယံ)

## ဟောင်ကောင်ဒေသသို့ တင်သွင်းလာသော အမဲသား နှင့် ဝက်သားထုပ်ပါကင်ထုပ်များအား နမူနာကောက်ယူစစ်ဆေးခဲ့ရာတွင် ကိုဗစ်-၁၉ ရောဂါပိုးရပ်စ်ပိုးများတွေ့ရှိခဲ့

ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသသည် ဒေသသို့ တင်သွင်းလာသော ကုန်ပစ္စည်းများအား စစ်ဆေးမှုများပြုလုပ်ရန် ကြေညာခဲ့ပြီးနောက် ဘရာဇီးလ်နိုင်ငံမှ တင်သွင်းလာသောအေးခဲအမဲသားနှင့်ပိုလန်နိုင်ငံမှ တင်သွင်းလာသော အေးခဲဝက်သား ပါကင်ထုပ်တို့အား နမူနာစစ်ဆေးခဲ့ရာတွင် ကိုဗစ်-၁၉ ရောဂါပိုးရပ်စ်ပိုးများ တွေ့ရှိခဲ့ကြောင်း ၂၂-၂-၂၀၂၂ ရက်နေ့ထုတ် The Standard သတင်းစာ၌ "Covid found in samples from packaging of imported pork, beef" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။ အဆိုပါ သတင်းဆောင်းပါးတွင် ကမ္ဘာ့ငွေကြေး အချက်အချာကျသည့် ဟောင်ကောင်ဒေသသည် တရုတ်ပြည်မကြီးနှင့်အလားတူ ကိုဗစ်-၁၉ ရောဂါလုံးဝကင်းစင်ရေးနည်းဗျူဟာ ကျင့်သုံးလျက်ရှိသောကြောင့် ကိုဗစ်-၁၉ ရောဂါ အမြစ်ပြတ်ကင်းစင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအကြိမ် ကူးစက်မှုအသစ်ဖြစ်ပွားသည့် ပဉ္စမလှိုင်းမှာထိန်းချုပ်ရန်ခက်ခဲသည်ဟု ဟောင်ကောင်ဒေသ အာဏာပိုင်များမှ ပြောကြားလျက်ရှိကြောင်း၊ ယခုနှစ်အတွင်း နေ့စဉ် ကူးစက်မှုနှုန်းမှာ မြင့်မားပြီး ၂၁-၂-၂၀၂၂ ရက်နေ့တွင် ကူးစက်မှုနှုန်းမှာ (၇,၅၃၃) ဦးရှိကြောင်း၊ ဟောင်ကောင်ဒေသအစားအစာ ဘေးကင်းလုံခြုံရေးစင်တာ ( The Centre for food Safety-CFS) သည် ဘရာဇီးလ်နိုင်ငံမှ ပင်လယ်ရေကြောင်းဖြင့် တင်သွင်းလာသော အေးခဲအမဲသားထုပ်များ ထည့်သွင်းထားသည့် စုစုပေါင်းတန်ချိန် (၂၉) တန်ရှိသောသေတ္တာ (၁,၁၀၀) လုံးခန့်မှ နမူနာ (၃၆) ထုပ်ယူ၍ စစ်ဆေးခဲ့ရာတွင် ကိုဗစ်-၁၉ ရောဂါပိုးရပ်စ်ပိုး တွေ့ရှိခဲ့ကြောင်း၊ အဆိုပါ အထုပ်များမှ နမူနာတစ်ထုပ်တွင် ပါကင်ထုပ်၏ အပြင်ဘက်အလွှာတွင် တွေ့ရှိခဲ့ရပြီး နမူနာ (၂) ထုပ်တွင် ပါကင်ထုပ်၏ အတွင်းဘက်အလွှာတွင်တွေ့ရှိခဲ့ကြောင်း၊ ထို့ပြင် ပိုလန်နိုင်ငံမှ ပင်လယ်ရေကြောင်းဖြင့် တင်သွင်းလာသော စုစုပေါင်းတန်ချိန် (၇) တန်ရှိသောအေးခဲဝက်သားသေတ္တာ (၃၀၀) ခန့်မှ နမူနာ (၁၂) ခုအား စစ်ဆေးခဲ့ရာတွင် ကိုဗစ်-၁၉ ရောဂါတွေ့ရှိခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။

သို့ဖြစ်ရာ အဆိုပါ ကိုဗစ်-၁၉ ရောဂါ တွေ့ရှိခဲ့သည့်အုပ်စုမှ အေးခဲအမဲသားနှင့် ဝက်သားတို့၏ အရောင်းများအားစွန့်ပစ်ရန် သွင်းကုန်တင်သွင်းသူများအား CFS ကညွှန်ကြားထားကြောင်း၊ CFS အနေဖြင့် အလားတူ ကုန်ပစ္စည်းများအား နမူနာယူကာ ထပ်မံ၍ စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ နှစ်လယ်ပိုင်းမှစတင်၍ အေးခဲအစားအစာများ တင်သွင်းလာမှုအပေါ် ကိုဗစ်-၁၉ စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လတွင် pomfret ငါးထုပ်များတွင်လည်းကောင်း၊ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် cuttlefish အထုပ်များတွင်လည်းကောင်း ကိုဗစ်-၁၉ ရောဂါများ အသီးသီးတွေ့ရှိခဲ့ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကူးစက်မှုသည် အရည်အစက်ကလေးများကျရာမှ ကူးစက်သောကြောင့် အစားအစာ (သို့မဟုတ်) အထုပ်၏ အပေါ်ယံလွှာတွင် ကိုဗစ်-၁၉ ရောဂါတွေ့ရှိခြင်းဖြင့် ကူးစက်နိုင်ခြင်းမရှိသောကြောင့် လူသားများအနေဖြင့် အစားအသောက်များစားသုံးခြင်းဖြင့် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှု မရှိနိုင်ကြောင်း၊ သို့သော် ပြည်သူများအနေဖြင့် အသားစိမ်းများအား သီးခြားစီခွဲခြား၍ ကိုင်တွယ်ရန် ဒေသအာဏာပိုင်များမှ ပြောကြားထားကြောင်း၊ အစားအစာများကိုလည်း ကျက်အောင်ချက်၍ စားသုံးရမည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသသည် အစားအစာများ တင်သွင်းသည့် မူဝါဒများကိုလည်း တရုတ်ပြည်မကြီး၏ မူဝါဒများအတိုင်း လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် အခြားနိုင်ငံများနှင့်မတူညီဘဲ အေးခဲအသားများထုပ်ပိုးခွံများတွင် ကိုဗစ်-၁၉ ပျံ့နှံ့မှုနှင့် ပတ်သက်၍ ကိုးကားဆောင်ရွက်လျက်ရှိကြောင်း၊ အေးခဲအသားထုပ်ပိုးခွံများအပေါ်တွင် ကိုဗစ်-၁၉ ရောဂါပိုးရပ်စ်များ တွေ့ရှိခဲ့သည်ဟု တရုတ်နိုင်ငံမှ ကြေညာခဲ့ကြောင်း၊ ကုန်ပစ္စည်းများအား ငြင်းပယ်ရန်တိုက်တွန်းပြောကြားခဲ့ပြီး ပို့ကုန်တင်ပို့သူများထံမှလည်း တိုင်ကြားမှုများ လက်ခံရရှိခဲ့ကြောင်း၊ ကမ္ဘာ့ ကျန်းမာရေးအဖွဲ့မှ ပြောကြားရာတွင် အစားအသောက်နှင့် ထုပ်ပိုးခွံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုလမ်းကြောင်းမရှိကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

Source: (စီးပွားရေးသံမှူး-ဟောင်ကောင်)

## ဟောင်ကောင်ဒေသ၌ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ပဉ္စမလှိုင်း ရိုက်ခတ်လျက်ရှိသောကြောင့် စားသောက်ဆိုင်(၃၀၀) ဆိုင်ခန့် ပိတ်သိမ်းခဲ့ရ

ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ၌ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ပဉ္စမလှိုင်း ရိုက်ခတ်လျက်ရှိသောကြောင့် စားသောက်ဆိုင် (၃၀၀) ဆိုင်ခန့် ပိတ်သိမ်းခဲ့ရသည်ဟု စားသောက်ကုန်လုပ်ငန်းကဏ္ဍမှ အကြီးအကဲဖြစ်သူ Mr.Simon Wong Ka-wo က ပြောကြားခဲ့ကြောင်း ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့ထုတ် Standard သတင်းစာ၌ "Almost 300 restaurants have closed amid the fifth wave,

says catering veteran ” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။ အဆိုပါ သတင်းဆောင်းပါး၌ Hong Kong Federation of Restaurants and Related Trades ၏ President ဖြစ်သူ Mr. Wong ကပြောကြားထားရာတွင် ဟောင်ကောင်ဒေသ၌ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ပဋိမလိုင်း ရိုက်ခတ်လျက်ရှိသဖြင့် ကာကွယ်ထိန်းချုပ်ရန် ကန့်သတ်မှုများကြောင့် စားသောက်ကုန်လုပ်ငန်းများ၏ စီးပွားရေးလုပ်ငန်းများမှာ ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအကြား လျော့ကျလျက်ရှိပြီး စားသောက် ဆိုင် (၁,၂၀၀) ဆိုင်ခန့်မှာ ယာယီပိတ်သိမ်းထားရကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်နိုင်ရန် ပြင်းထန်သောကန့်သတ်ထိန်းချုပ်မှုများကြောင့် ဟောင်ကောင်ဒေသခံများမှာ စိုးရိမ်ပူပန်လျက်ရှိပြီး ဟောင်ကောင်ဒေသရှိ လမ်းများတွင်လည်း သွားလာမှုနည်းပါးလျက်ရှိကြောင်း၊ နေအိမ်များမှ ပြင်ပသို့ထွက်ခွာမှုများအား ထိန်းချုပ်ထားသောကြောင့် စီးပွားရေးလုပ်ငန်းများမှာလည်း ကြာရှည်စွာဆက်လက်လည်ပတ်လုပ်ကိုင်နိုင်မည်မဟုတ်ကြောင်း၊ ၂၃-၂-၂၀၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ဘဏ္ဍာရေးစီမံချက် ရှင်းလင်းပြောကြားရာတွင် တတိယအကြိမ်မြောက်ပံ့ပိုးပေးမည့် Employment Support Scheme တွင် စားသောက်ကုန်လုပ်ငန်းအတွက် လုံလောက်စွာရရှိရန် မျှော်လင့်ထားကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။ ဟောင်ကောင်ဒေသ၌ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ပဋိမလိုင်း ကူးစက်ပျံ့နှံ့ဖြစ်ပွားလျက်ရှိသောကြောင့် စီးပွားရေးလုပ်ငန်းများမှာ ကြိုးစားရုန်းကန် လုပ်ကိုင်ရလျက်ရှိသဖြင့် သက်သာခွင့်ရရှိရေး အခန်းငှားရမ်းခများလျော့ပေါ့ပေးရန် အခန်းပိုင်ရှင်များအား ဟောင်ကောင် ဘဏ္ဍာရေးအတွင်းဝန် (ဝန်ကြီး) Mr. Paul Chan Mo-po ကလည်း တိုက်တွန်းပြောကြားထားကြောင်း၂၈-၂-၂၀၂၂ ရက်နေ့တွင် South China Morning Post သတင်းစာ၌ “Chan asks big landlords to offer rent relief” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

Source: (စီးပွားရေးသံမှူး-ဟောင်ကောင်)

## ဟောင်ကောင်ဒေသ၌ Full-Scale LockDown ချမှတ်မည်ကို စိုးရိမ်ပူပန်လျက်ရှိသဖြင့် ကုန်ပစ္စည်းများ အထိတ်တလန့် ဝယ်ယူလျက်ရှိ

ဟောင်ကောင်ဒေသ၌ နေထိုင်သူများအားလုံးအနေဖြင့် စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်အရ မဖြစ်မနေ ကိုဗစ်-၁၉ ရောဂါ (၃) ကြိမ်စစ်ဆေးရမည့် universal testing ပြုလုပ်နိုင်ရန် ဟောင်ကောင်ဒေသ၌ ကျယ်ပြန့်သည့် Lockdown ပြုလုပ်နိုင်ချေရှိသောကြောင့် အစားအသောက်နှင့် နေ့စဉ်သုံးပစ္စည်းများ ရောင်းချသည့်ဆိုင်များတွင် ပစ္စည်းများပြတ်လပ်လျက်ရှိကြောင်း၊ ထောင်ပေါင်းများစွာသော ဝယ်ယူသူများသည်လည်း အွန်လိုင်းမှ အစုလိုက်အပြုံလိုက် ဝယ်ယူလျက်ရှိကြောင်း ၁-၃-၂၀၂၂ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ “Panic buying As Fears Grow of A Full-Scale LockDown” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။ အဆိုပါ သတင်းဆောင်းပါးတွင် ဟောင်ကောင်ဒေသ၌ လူအများအပြားသွားလာမှုလျှော့ချနိုင်ရန် တစ်မြို့လုံးအား ကန့်သတ်ပိတ်ဆို့ခြင်း Lockdown ချရန် နည်းလမ်းအား ဒေသအစိုးရအနေဖြင့် မဆောင်ရွက်ဟု ယတိပြတ်ပြောကြားနိုင်ခြင်းမရှိကြောင်း ကျန်းမာရေးဝန်ကြီးမှ ရေဒီယိုအစီအစဉ်၌ ပြောကြားခဲ့ပြီးနောက် အစားအသောက်နှင့် နေ့စဉ်သုံးပစ္စည်းများ ထိတ်လန့်တကြား ကြိုတင်ဝယ်ယူမှုများ ရှိခဲ့သဖြင့် ဆိုင်များ၌ ကုန်ပစ္စည်းပြတ်လပ်မှုများ ကြုံတွေ့ခဲ့ရကြောင်း၊ လတ်ဆတ်သော အသားများ၊ ဟင်းသီးဟင်းရွက်များ၊ ဆေးဝါးများ၊ ပေါင်မုန့်၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်များမှာ ရောင်းချ၍ ပြတ်လပ်သွားကြောင်း၊ စည်သွပ်ဘူး အစားအစာများ၊ အအေးခဲဖက်ထုပ်နှင့် ပေါက်စီများ ဖြည့်ဆည်းပေးမှုမှာလည်း လျော့ကျခဲ့ကြောင်း၊ ဆန်၊ ခေါက်ဆွဲနှင့် သန့်စင်ခန်းသုံး တစ်ရှူးစက္ကူများမှာ ယခင်အကြိမ် အထိတ်တလန့်ဝယ်ယူစဉ်က ပြတ်လပ်ခဲ့သော်လည်း ယခုအကြိမ်တွင် ဆိုင်များ၌ လက်ကျန်အနည်းငယ်ရှိသေးကြောင်း၊ ဝယ်ယူသူများမှာ ဝက်ဘ်ဆိုဒ်မှ ပြောင်းလဲဝယ်ယူလျက်ရှိကြပြီး အွန်လိုင်းပလက်ဖောင်းမှ ရောင်းချလျက်ရှိသည့် ParkNshop သည် ဝယ်ယူသူများအား စောင့်ဆိုင်းရန် နံပါတ်များပေး၍ စောင့်ဆိုင် ခိုင်းထားကြောင်း၊ ၂၈-၂-၂၀၂၂ ရက်နေ့တွင် ဝယ်ယူသူ (၇,၀၀၀) ဦးကျော်မှာ အွန်လိုင်း၌ စောင့်ဆိုင်းလျက်ရှိကြပြီး ခန့်မှန်းခြေစောင့်ဆိုင်း ချိန်မှာ (၄၀) မိနစ်ခန့် ကြာမြင့်ကြောင်း၊ ဝယ်ယူသည့် ပစ္စည်းများအား (၁၂) ရက်အတွင်း ပို့ဆောင်ပေးမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။

ဟောင်ကောင်ဒေသရှိ ဆေးဆိုင်များ၌လည်း ဆေးဝါးများမှာ ရောင်းကုန်သွားပြီး ပြတ်လပ်လျက်ရှိကြောင်း၊ ပါရာစီတမော အာနိသင်ပါဝင်သည့် Panadol ဆေးဝါးများမှာ ရောင်းကုန်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပြီး ရောဂါခံစားရမှု ပြင်းထန်မှုမရှိသည့် လူနာများအနေဖြင့် နေအိမ်များတွင် နေထိုင်ပြီး Panadol အားသောက်သုံးပြီး ရောဂါများများသောက်ခြင်းအားဖြင့် ပြန်လည်နာလန်ထူလာနိုင်ကြောင်း၊ သို့ဖြစ်ရာ ဟောင်ကောင်ရှိ ဆေးဆိုင်များ၌ Panadol ဆေးဝါးလက်ကျန်များမှာ ယခင်ရက်သတ္တပတ်ကျော်ကတည်းက ပြတ်လပ်သွားကြောင်း၊ Watson နှင့် Manning အွန်လိုင်း

ဆေးဆိုင်များတွင်လည်း Panadol ဆေးဝါးပြတ်လပ်လျက်ရှိကြောင်း၊ ဆေးဆိုင်များ၌ ပါရာစီတမော၊ Coltain cold tablets နှင့် ပိုးသတ်ရန် အရက်ပျံပါဝင်သည့် ပိတ်စများမှာ ဝယ်လိုအား မြင့်တက်လျက်ရှိကြောင်း၊ ဟောင်ကောင်ဒေသရှိ သားသတ်ရုံများ၌ ကိုဗစ်-၁၉ ရောဂါတွေ့ရှိခဲ့မှုကြောင့် လတ်ဆတ်သော အသားများရောင်းလိုအားမှာ လျော့ကျလျက်ရှိကြောင်း၊ လတ်ဆတ်သော အသားများ ပြတ်လပ်လျက်ရှိသောကြောင့် အသားဆိုင် (၃) ဆိုင်တွင် (၁) ဆိုင်သာလျှင် ဖွင့်လှစ်နိုင်သည့် အခြေအနေတွင်ရှိကြောင်း၊ နယ်စပ်ဖြတ်ကျော်ကုန်တင်ကားမောင်းနှင်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခဲ့လျှင် (သို့မဟုတ်) ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူနှင့် နီးကပ်စွာ ထိတွေ့ခဲ့လျှင် (၂၁) ရက်ကြာ နယ်စပ်ဖြတ်ကျော်မှုကို ခွင့်ပြုမည်မဟုတ်ဟု ရှန်းကျန့်မြို့ အာဏာပိုင်များမှ ကြေညာခဲ့ရာ ဟောင်ကောင်သို့ကုန်ပစ္စည်းများ ဖြည့်ဆည်းပေးမှုအပေါ် သက်ရောက်မှုများရှိနိုင်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

Source: (စီးပွားရေးသံမှူး-ဟောင်ကောင်)

## အာရပ်နိုင်ငံများမှ ဓာတ်မြေသြဇာဝယ်ယူတင်သွင်းနိုင်ရေး ဘရာဇီးလ်နိုင်ငံအနေဖြင့် အရေးတကြီးလုပ်ဆောင်ရန်လိုအပ်



Fertiliser. Photo: Divulgação/Embrapa

ဘရာဇီးလ်နိုင်ငံသို့ ဓာတ်မြေသြဇာများတင်ပို့နိုင်မည့် အလားအလာကောင်းများရှိနေမှုအပေါ်တွင် အာရပ်နိုင်ငံများက တင်ပို့ရန်စိတ်ဝင်စားလျက်ရှိကြောင်း အာရပ်-ဘရာဇီးလ် ကုန်သည်ကြီးများအသင်း၏ သတင်းတွင် ဖော်ပြထားသည်။ ဘရာဇီးလ်နိုင်ငံသို့ ဓာတ်မြေသြဇာများ ပိုမိုတင်ပို့ရောင်းချနိုင်ရန် အာရပ်နိုင်ငံများရှိ ဓာတ်မြေသြဇာစက်ရုံများက စိတ်ဝင်စားလျက်ရှိကြောင်း၊ ဘရာဇီးလ်နိုင်ငံဈေးကွက်အတွက် လိုအပ်သည့် နိုက်ထရိုဂျင်၊ ဖော့စဖိတ်နှင့် ပိုတက်စီယမ်များ ပါဝင်သည့်ဓာတ်မြေသြဇာများအား အာရပ်နိုင်ငံများမှ ထုတ်လုပ်တင်ပို့နိုင်သည့် အခြေအနေရှိကြောင်း ကုန်သည်ကြီးများအသင်း၏အတွင်းရေးမှူး Tamer Mansour က ပြောကြားခဲ့သည်။ ရုရှားနိုင်ငံမှ ဘရာဇီးလ်နိုင်ငံသို့ နှစ်စဉ်ဝယ်ယူတင်သွင်းနေသည့် ဓာတ်မြေသြဇာပမာဏကို အာရပ်နိုင်ငံများက ပြည့်မီအောင်တင်ပို့နိုင်ခြင်းမရှိသော်လည်း ဘရာဇီးလ်နိုင်ငံ၏ ဓာတ်မြေသြဇာလိုအပ်ချက်၏ ပမာဏတော်တော်များများကို ဖြည့်ဆည်းနိုင်မည်ဖြစ်ကြောင်း၊ အထူးသဖြင့် မော်ရိုကို၊ အီဂျစ်၊ ဂျော်ဒန်၊ အိုမန်နှင့် ကာတာနိုင်ငံတို့မှ ဓာတ်မြေသြဇာများအား ပိုမိုဝယ်ယူတင်သွင်းနိုင်ကြောင်း၊ ရုရှား - ယူကရိန်းအရေးအခင်းကြောင့် ရုရှားနိုင်ငံမှ ဓာတ်မြေသြဇာများအား ဝယ်ယူတင်သွင်းရန် အခက်အခဲဖြစ်ပေါ်နေချိန်တွင် ၎င်းနိုင်ငံများမှ ဝယ်ယူတင်သွင်းနိုင်ကြောင်း၊ နိုင်ငံ၏ ပိုတက်စီယမ်ကလိုရိုက် ဓာတ်မြေသြဇာအရေးပေါ် လိုအပ်ချက်အတွက် ဂျော်ဒန်နှင့် မော်ရိုကိုနိုင်ငံတို့မှ ဖြည့်ဆည်းပေးနိုင်ကြောင်း Mansour က ပြောကြားခဲ့သည်။ ဘရာဇီးလ်အစိုးရအနေဖြင့် နိုင်ငံ၏ဓာတ်မြေသြဇာလိုအပ်ချက်ကို ဖြေရှင်းရန်အတွက် အာရပ်နိုင်ငံများနှင့်အမြန်ဆွေးနွေးစေလိုကြောင်း၊ ရုရှားနိုင်ငံမှ ဓာတ်မြေသြဇာဝယ်ယူရရှိရန် မသေချာမှုများကြောင့် ယခုအခါ အခြားကမ္ဘာ့နိုင်ငံများသည်လည်း အာရပ်နိုင်ငံများမှ ဝယ်ယူနိုင်ရေး ကြိုးပမ်းလျက်ရှိနေသဖြင့် ဘရာဇီးလ်နိုင်ငံအနေဖြင့် အာရပ်လုပ်ငန်းရှင်များအား အလျင်အမြန်ရှာဖွေချိတ်ဆက်ကြရန် လိုအပ်ကြောင်း Mansour က ပြောကြားခဲ့သည်။

ရုရှားနိုင်ငံမှထုတ်လုပ်သည့် ဓာတ်မြေသြဇာများအား ဘရာဇီးလ်နိုင်ငံက အဓိကဝယ်ယူတင်သွင်းနေရသကဲ့သို့ အခြားကမ္ဘာ့နိုင်ငံများကလည်း ဝယ်ယူတင်သွင်းလျက်ရှိကြောင်း၊ ထို့ကြောင့် လက်ရှိဓာတ်မြေသြဇာအခက်အခဲသည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ရင်ဆိုင်နေရသဖြင့် တင်ပို့နိုင်မည့်လုပ်ငန်းရှင်များနှင့် ချိတ်ဆက်နိုင်မှုအတွက် ဘရာဇီးလ်ကလက်ဦးမှုရရှိနိုင်ရန် အရေးကြီးကြောင်း၊ ယခင်နှစ်တွင် အာရပ်နိုင်ငံများမှ အမေရိကန်ဒေါ်လာ ၄.၂ ဘီလီယံတန်ဖိုးရှိသည့် ဓာတ်မြေသြဇာတန်ချိန် ၉.၉၇၉ သန်းအား ဘရာဇီးလ်နိုင်ငံက ဝယ်ယူတင်သွင်းခဲ့ကြောင်း၊ ၎င်းပမာဏသည် ဘရာဇီးလ်နိုင်ငံ၏ ဓာတ်မြေသြဇာတင်သွင်းမှုပမာဏ၏၂၄ ရာခိုင်နှုန်းရှိကြောင်း၊ အာရပ်နိုင်ငံများအဖွဲ့ဝင် ၂၂ နိုင်ငံတွင် ဓာတ်မြေသြဇာများ ထုတ်လုပ်လျက်ရှိပြီး မော်ရိုကိုနိုင်ငံမှ ဝယ်ယူတင်သွင်းခဲ့မှုသည် ရုရှားနိုင်ငံ၊ တရုတ်နှင့် ကနေဒါနိုင်ငံတို့ပြီးလျှင် စတုတ္ထမြောက်အများဆုံး ဝယ်ယူတင်သွင်းခဲ့မှုဖြစ်ကြောင်း ဘရာဇီးလ်နိုင်ငံစိုက်ပျိုးရေးဝန်ကြီးဌာနလက်အောက်ရှိ ကူးသန်းရောင်းဝယ်ရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာနတွင် မတ်လ ၄ ရက်နေ့ကပြုလုပ်ခဲ့သည့် အခမ်းအနား၌ အာရပ်-ဘရာဇီးလ်ကုန်သည်ကြီးများအသင်းအတွင်းရေးမှူး Mansour က ပြောကြားခဲ့သည်။ ဘရာဇီးလ်နိုင်ငံတွင် ဝယ်ယူတင်သွင်းထားသည့် ဓာတ်မြေသြဇာများသည် စက်တင်ဘာလအထိသာ လုံလောက်မှုရှိနိုင်မည်ဖြစ်ရာ သီးနှံ

စိုက်ပျိုးရာသီချိန်တွင် နိုင်ငံအတွင်းဓာတ်မြေဩဇာ ပြတ်လပ်မှုမရှိစေရေး အလွန်အရေးကြီးကြောင်း၊ ရုရှားနိုင်ငံမှဓာတ်မြေဩဇာများဝယ်ယူ၍မရရှိချိန်တွင် အာရပ်နိုင်ငံများမှ အစားထိုးတင်သွင်းနိုင်ရန်အတွက် အရေးတကြီးလုပ်ဆောင်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ဘရာဇီးလ်နိုင်ငံရှိ သက်ဆိုင်ရာအာရပ်သံရုံးများနှင့်လည်း ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း Mansour က ပြောကြားခဲ့သည်။

အာရပ်နိုင်ငံများမှ ဓာတ်မြေဩဇာဝယ်ယူတင်သွင်းနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ဘရာဇီးလ်စိုက်ပျိုးရေးဝန်ကြီး Tereza Cristina နှင့် တွေ့ဆုံဆွေးနွေးခဲ့မှုများအပေါ် သမ္မတအိမ်တော်မှလည်း စဉ်းစားလျက်ရှိကြောင်း၊ အာရပ်ကမ္ဘာသည် ဘရာဇီးလ်နိုင်ငံနှင့် ဆက်ဆံရေးကောင်းများရှိထားပြီးဖြစ်၍ သက်ဆိုင်ရာနိုင်ငံများမှ လုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေးနိုင်ရေး သံရုံးများနှင့်လည်းဆွေးနွေးလျက်ရှိကြောင်း Mansour က ပြောကြားခဲ့သည်။ ကုန်သွယ်မှုနှင့်ပတ်သက်၍ လတ်တလောအခြေအနေတွင် ရုရှားနိုင်ငံသည် အမေရိကန်ဦးဆောင်သည့်ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးပိတ်ဆို့မှုများနှင့် ရင်ဆိုင်ရလျက်ရှိရာ ဘရာဇီးလ် – ရုရှား ပို့ကုန်သွင်းကုန်လုပ်ငန်းများတွင်လည်း ထိခိုက်လျက်ရှိနေကြောင်း၊ ဘရာဇီးလ်နိုင်ငံမှ ရုရှားနိုင်ငံသို့ တင်ပို့နေသည့်အမဲသားများအား အာရပ်နိုင်ငံဈေးကွက်များသို့ ပြောင်းလဲတင်ပို့နိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း၊ ထို့အပြင် အာရပ်နိုင်ငံများသည် ဂျုံကိုအဓိကစားသုံးပြီး ရုရှားနှင့် ယူကရိန်းနိုင်ငံများမှ အများဆုံးတင်သွင်းနေကြောင်း၊ လက်ရှိအချိန်တွက် အီဂျစ်နိုင်ငံ၌ ဂျုံလက်ကျန် ၉ လ စာခန့်အတွက်သာ ကျန်ရှိတော့ကြောင်း၊ ဘရာဇီးလ်နိုင်ငံသည်လည်း ဂျုံကို အာဂျင်တီးနားနိုင်ငံမှ အဓိကဝယ်ယူတင်သွင်းရလျက်ရှိရာ လက်ရှိ ရုရှားအရေးအခင်းဖြစ်ပေါ်မှုကြောင့် အာရပ်နိုင်ငံများသည် ဂျုံကို အာဂျင်တီးနားနိုင်ငံမှ ပြောင်းလဲတင်သွင်းမည့်အလားအလာများ ဖြစ်ပေါ်နေကြောင်း၊ ထို့ကြောင့် ဂျုံသွင်းကုန်ဈေးကွက်တွင် ဘရာဇီးလ်နိုင်ငံအနေဖြင့် အာရပ်နိုင်ငံများနှင့် ဈေးကွက်ယှဉ်ပြိုင်ရမည့် အခက်အခဲများ ဖြစ်ပေါ်နေကြောင်း Mansour က ပြောကြားခဲ့သည်။

Source – canalrural.com.br (စီးပွားရေးသံမှူး-ဘရာဇီးလ်)

## ဘရာဇီးလ်နိုင်ငံရှိ သီးနှံဈေးကွက်များတွင် ပဲပုတ်စေ့ဈေးနှုန်းများ မြင့်တက်



Photo: Pixabay

မတ်လ ၈ ရက်နေ့၌ အမေရိကန်နိုင်ငံရှိ ချီကာဂိုစတော့ဈေးကွက်တွင် အမေရိကန် ဒေါ်လာငွေတန်ဖိုးကျဆင်းခဲ့သော်လည်း သီးနှံကြိုပွိုင့်ဈေးနှုန်းများမြင့်တက်ခဲ့သဖြင့် ဘရာဇီးလ် ဈေးကွက်တွင်လည်း သီးနှံဈေးနှုန်းများ တစ်ရက်အတွင်း သိသိသာသာ မြင့်တက်သွားခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။ ၆၀ ကီလိုဂရမ်အလေးချိန်ရှိသည့် ပဲပုတ်စေ့ ၁ အိတ်တန်ဖိုးသည် Passo Fundo (RS) ဈေးကွက်တွင် ဟဲရာ ၂၁၁.၀၀ မှ ၂၁၅ သို့လည်းကောင်း၊ Missions region ဈေးကွက်တွင် ဟဲရာ ၂၀၉.၀၀ မှ ၂၁၄.၀၀ ဟဲရာသို့လည်းကောင်း၊ Port of Rio Grande ဈေးကွက်တွင် ဟဲရာ ၂၁၀.၀၀ မှ ၂၁၈.၀၀ ဟဲရာသို့လည်းကောင်း၊ Cascavel, Paraná ဈေးကွက်တွင် ဟဲရာ ၁၉၉.၀၀ မှ ၂၀၃.၅၀ ဟဲရာသို့လည်းကောင်း၊ Paranaguá (PR) ဆိပ်ကမ်းဈေးကွက်တွင် ဟဲရာ ၂၀၄.၅၀ မှ ၂၀၈.၀၀ သို့လည်းကောင်း၊ Rondonópolis (MT) ဈေးကွက်တွင် ဟဲရာ ၁၉၀.၀၀ မှ ၁၉၁.၀၀ သို့ လည်းကောင်း၊ Rio Verde (GO) ဈေးကွက်တွင် ဟဲရာ ၁၈၆.၀၀ မှ ၁၈၈.၀၀ သို့လည်းကောင်း အသီးသီးဈေးနှုန်းများမြင့်တက်ခဲ့ပြီး Dourados(MS) ဈေးကွက်တွင်သာ ၁၉၅.၀၀ ဟဲရာဖြင့် ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံ၏ သီးနှံဝယ်လိုအားများလည်း မြင့်တက်လျက်ရှိရာ မတ်လ ၈ ရက် နေ့၌ အမေရိကန်နိုင်ငံ ချီကာဂိုစတော့ဈေးကွက်(Chicago Commodity Exchange – CBOT) တွင် ပဲပုတ်စေ့ကြိုပွိုင့်ဈေးနှုန်းများမြင့်တက်ခဲ့ကြောင်း အမေရိကန်စိုက်ပျိုးရေးဌာန(United States Department of Agriculture – USDA) ၏ သတင်းတွင်ဖော်ပြထားသည်။ ၂၀၂၁-၂၀၂၂ ခုနှစ်ကာလတွင် အမေရိကန်နိုင်ငံ၌ ပဲပုတ်စေ့လက်ကျန်ပြတ်လပ်မှုများ ဖြစ်ပေါ်နိုင်ကြောင်း စိုက်ပျိုးရေးဌာနက ကြိုတင်ခန့်မှန်းချက်ကို ထုတ်ပြန်ထားခဲ့သည်။ ရာသီဥတုဖောက်ပြန်မှုများနှင့် အခြားအကြောင်းအရာများကြောင့် လက်တင်အမေရိကနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများတွင် ပဲပုတ်စေ့လက်ကျန်ပြတ်လပ်မှုများဖြစ်ပေါ်နိုင်ကြောင်း USDA ၏ မတ်လ ၉ ရက်နေ့သတင်းတွင် ဖော်ပြထားသည်။ ကြိုပွိုင့်ရောင်းဝယ်မှုဈေး

ကွက်တွင် မေလအတွက် ပဲပုတ်စေ့ ၁ စည်တန်ဖိုးသည် ယခင်နေ့ကထက် အမေရိကန်ဒေါ်လာ ၃၀.၂၅ ဆင့် ဈေးနှုန်း ပိုမိုမြင့်တက်ခဲ့ပြီး ၁၆.၈၉ ဒေါ်လာဖြင့်လည်းကောင်း၊ ဇူလိုင်လအတွက် ပဲပုတ်စေ့ ၁ စည် တန်ဖိုးသည် ယခင်နေ့ ကထက် အမေရိကန်ဒေါ်လာ ၂၁.၇၅ ဆင့် ဈေးနှုန်းပိုမိုမြင့်တက်ခဲ့ပြီး ၁၆.၅၅ ဒေါ်လာဖြင့်လည်းကောင်း အသီးသီးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့သည်။ ပဲပုတ်စေ့ထွက်ကုန် ကြိုပွိုင့်ဈေးကွက်တွင် မေလအတွက်ပဲပုတ်စေ့အခွံ ၁ တန် ဈေးနှုန်းသည် ယခင်နေ့ကထက် အမေရိကန်ဒေါ်လာ ၁၄.၆၀ ဒေါ်လာဈေးနှုန်းမြင့်တက်ခဲ့ပြီး ၄၇၃.၃၀ ဒေါ်လာဖြင့်လည်းကောင်း၊ မေလအတွက်ပဲပုတ်ဆီ ၁ ပေါင်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁.၅၃ ဆင့်ပိုမိုမြင့်တက်ခဲ့ပြီး ၇၅.၇၅ ဆင့်ဖြင့်လည်းကောင်း အသီးသီး ဈေးနှုန်းများဖြစ်ပေါ်ခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။ နိုင်ငံခြားငွေရောင်းဝယ်မှုဈေးကွက်တွင် အမေရိကန်ဒေါ်လာငွေတန်ဖိုးသည် ယခင်နေ့ကထက် ၀.၅၇ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး အမေရိကန် ၁ ဒေါ်လာလျှင် ၅.၀၅၀၀ ဟဲရာဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။ လက်ရှိဖြစ်ပေါ်နေသော ရုရှား-ယူကရိန်းပဋိပက္ခကြောင့် ကမ္ဘာ့ဈေးကွက်တွင် လောင်စာဆီဈေးနှုန်းများ မြင့်တက်လျက်ရှိရာ အကျိုးဆက်အနေဖြင့် စားသောက်ကုန်နှင့်လူသုံးကုန်ပစ္စည်းများ ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း၊ ထို့ကြောင့် ကမ္ဘာ့နိုင်ငံများတွင် ငွေကြေးဖောင်းပွမှုများဖြစ်ပေါ်လျက်ရှိသည့်အပြင် အမေရိကန်ငွေတန်ဖိုးလည်းကျဆင်းလျက်ရှိကြောင်း၊ ထို့အပြင်အမေရိကန်သမ္မတ Joe Biden ၏ ရုရှားမှ ရေနံနှင့်သဘာဝ ဓာတ်ငွေ့တင်သွင်းခွင့်အား ပိတ်ပင်တားမြစ်ကြောင်းကြေညာချက်ကြောင့် အမေရိကန်ပြည်တွင်းတွင် လောင်စာစွမ်းအင်ဈေးနှုန်းများမြင့်တက်နေပြီး အကျိုးဆက်အဖြစ် စားသုံးကုန် ပစ္စည်းဈေးနှုန်းများလည်း လိုက်ပါမြင့်တက်လျက်ရှိကြောင်း သတင်းတွင် ဖော်ပြထားသည်။

Source – canalrural.com.br (စီးပွားရေးသံမှူး-ဘရာဇီးလ်)

## ဂျပန်နိုင်ငံ၏ ရေနံဈေးနှုန်းများမြင့်တက်လာမှုကြောင့် ယန်း ၃၆၀ ဘီလီယံခန့်ရှိသည့် ပြည်တွင်းစီးပွားရေး ပံ့ပိုးမှုအစီအမံများ ဆောင်ရွက်ရန် ပြင်ဆင်နေ

ယူကရိန်းအကျပ်အတည်း၏ သက်ရောက်မှုကြောင့် ရေနံဈေးနှုန်းများ မြင့်တက်လာသည့်အတွက် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များကို ပံ့ပိုးရန် ဂျပန်ယန်း ၃၆၀ ဘီလီယံခန့်ရှိသည့် စီးပွားရေးပံ့ပိုးမှုအစီအမံများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် Fumio Kishida က မတ်လ ၃ ရက်နေ့တွင် ပြောကြားခဲ့ပါသည်။ ရေနံအဓိကထုတ်လုပ်သည့် ရုရှားနိုင်ငံနှင့် အိမ်နီးချင်း ယူကရိန်းနိုင်ငံတို့အကြား ဖြစ်ပွားနေသည့် ပဋိပက္ခကြောင့် မကြာသေးမီရက်များအတွင်းက ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းသည် နှစ်ပေါင်းများစွာအတွင် အမြင့်ဆုံးသို့ မြင့်တက်သွားခဲ့ပါသည်။ ဂျပန်အစိုးရအနေဖြင့် မြင့်မားသည့် စွမ်းအင်ဈေးနှုန်းများကြောင့် ဖြစ်ပေါ်လာသည့် ပြည်သူပြည်သားတို့၏ လူမှုဘဝများနှင့် စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများအပေါ် အနုတ်သဘောဆောင်သည့် သက်ရောက်မှုများအား တတ်အားသမျှ လျှော့ချနိုင်စေရန်ရည်ရွယ်၍ အဆိုပါ စီးပွားရေးပံ့ပိုးမှုအစီအမံများကို ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်။

Source: https://japantoday.com (စီးပွားရေးသံမှူး-ဂျပန်)

## ရုရှား-ယူကရိန်းနိုင်ငံတို့ ပဋိပက္ခဖြစ်မှုသည် တောင်အာဖရိကနိုင်ငံ၏ စီးပွားရေးအားထိခိုက်လာနိုင်ဖွယ်ရှိ

တောင်အာဖရိကနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံအဖြစ်ရပ်တည်နေသည့် ရုရှားနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့အစည်းမှ သွေဖီ၍ သီးခြားရပ်တည်လာမှုသည် တောင်အာဖရိကနိုင်ငံ၏စီးပွားရေးကို အကျပ်အတည်းကျသို့ ဦးတည်နိုင်ကြောင်း၊ ထို့ကြောင့် တောင်အာဖရိကနိုင်ငံအနေဖြင့် ရည်မှန်းထားသည့်အတိုင်း ၅ နှစ်အတွင်း ပြည်တွင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုး ရန်း ၁.၂ ထရီလီယံအထိ မြှင့်တင်နိုင်ရေး ကြိုးစားဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လက်ရှိတွင် ၃ နှစ်အတွင်း ရန်း ၇၇၄ ဘီလီယံအထိ ရင်းနှီးမြှုပ်နှံမှုရရှိထားပြီးဖြစ်ကြောင်း၊ ရုရှားနိုင်ငံအနေဖြင့် ယူကရိန်းသို့ စစ်မက်ဖြစ်ပွားစေမှုကြောင့် EU နှင့် အမေရိကန်နိုင်ငံများမှချမှတ်သော sanctions များကြောင့် ရုရှားနိုင်ငံ၏ စီးပွားရေးသည် ထိခိုက်လာသည့် အခြေအနေတွင်ရှိကြောင်း သိရှိရပါသည်။ စက်မှုနိုင်ငံကြီး ၇ နိုင်ငံ (G7) အနေဖြင့် ရုရှားနိုင်ငံရှိဘဏ်များအား ကမ္ဘာ့တစ်ဝှမ်းရှိဘဏ်များအကြား ဘဏ္ဍာရေးဆိုင်ရာဆက်သွယ်ရေးစနစ် (Worldwide Interbank Financial Telecommunication (Swift) system) မှဖယ်ရှားရေးသဘောတူညီခဲ့ကြကြောင်း၊ သို့သော် ရုရှားနိုင်ငံသည် BRICS နိုင်ငံအုပ်စုအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်နေသည့်အတွက် တောင်အာဖရိကနိုင်ငံနှင့် ရုရှားနိုင်ငံအကြား ကုန်သွယ်မှုဆက်သွယ်ရေးသည် ကောင်းမွန်နိုင်ရေး ထိမ်းသိမ်းထားနိုင်မည်ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလအထိ ရုရှားနိုင်ငံမှတောင်အာဖရိကနိုင်ငံသို့ ကုန်စည် တန်ဖိုး ရန်း ၄၅၈ သန်းအထိ တင်ပို့နိုင်ခဲ့ပြီး တောင်အာဖရိကနိုင်ငံအနေဖြင့် ရုရှားနိုင်ငံမှ ရန်း ၁.၃ ဘီလီယံအထိတင်သွင်းခဲ့ရကြောင်း၊ ရုရှားနိုင်ငံမှ တောင်အာဖရိကနိုင်ငံသို့ အဓိကတင်ပို့သည့် ကုန်ပစ္စည်းများမှာ နိုက်ထရိုဂျင်ဓါတ်မြေဩဇာ၊ ဓါတုဗေဒပစ္စည်းဆိုင်ရာဓါတ်မြေဩဇာ၊ စက်သုံးဆီ၊ ကျောက်မီးသွေးခဲနှင့် ဆေးပစ္စည်းများဖြစ်ကြောင်း၊ ရုရှာနိုင်ငံ

က တောင်အာဖရိကနိုင်ငံမှ အဓိကတင်သွင်းသည့်ကုန်စည်များမှာ လိမ္မော်သီးများ၊ မော်တော်ကားများ၊ သံရိုင်း၊ ပလက်တီနမ်၊ ပန်းသီးနှင့် သစ်တော်သီးများဖြစ်ကြောင်း၊ တောင်အာဖရိကနိုင်ငံမှ ရုရှားနိုင်ငံသို့နှစ်စဉ် ပန်းသီးနှင့်သစ်တော်သီး စက္ကူပုံးပေါင်း ၅.၅ သန်းအထိတင်ပို့နေကြောင်းသိရှိရပါသည်။

သို့သော် ၂၀၂၂ ခုနှစ်စက်တင်ဘာလအထိ ရုရှားနိုင်ငံမှတောင်အာဖရိကနိုင်ငံသို့ ကုန်စည်တင်ပို့မှုသည် ရန်း ၆၂၈ သန်းမှ ရန်း ၄၅၈.၄ သန်းသို့ကျဆင်းခဲ့ကြောင်း၊ ရာခိုင်နှုန်းအားဖြင့် ၂၈.၂ ရာခိုင်နှုန်းကျဆင်းခဲ့ခြင်းဖြစ်ကြောင်း၊ UBS Global Wealth မှ စီးပွားရေးပညာရှင် Paul Donovan က ရုရှားနိုင်ငံသို့ sanctions များချမှတ်မှုသည် ကုန်သွယ်မှုကိုများစွာထိခိုက်စေကြောင်း၊ ရုရှားနိုင်ငံ၏စီးပွားရေးသည် အကျပ်အတည်းအခြေအနေသို့ ရောက်ရှိပါက တောင်အာဖရိကနိုင်ငံနှင့် ကုန်သွယ်မှုသည်ပိုမိုကျဆင်းလာနိုင်ကြောင်း၊ ရုရှားနိုင်ငံ၏ဗဟိုဘဏ်မှ ရုရှားအစိုးရ၏ ငွေကြေးစာချုပ်များ ရောင်းချမှုကိုတားမြစ်ပြီးနောက် ရုရှားငွေရူဘယ်သည် အမေရိကန် တစ်ဒေါ်လာလျှင် ၁၁၈.၆ ရူဘယ်အထိမှတ်တမ်းတင် ၄၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

Source: https://www.globenewswire.com/news-release/2022/02/23/2390341 /2 8 124/en/Smuggling-of-Illegal -Consignments-of-Clothing-into-South-Afr i ca-Presents-Ongoing-Threat-to-the-Viability-of-South-Africa-s-Clot h i ng -Industry.html (စီးပွားရေးသံမှူး-တောင်အာဖရိက)

## စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များအတွက် ပို့ကုန်ထိန်းချုပ်ရေး စည်းမျဉ်းများကို ဩစတြေးလျအစိုးရက ပြင်ဆင်

ဩစတြေးလျအစိုးရသည် ဩစတြေးလျ၏ ပို့ကုန်ထိန်းချုပ်ရေးစည်းမျဉ်းများ ၂၀၂၁ (စည်းမျဉ်းများ)ကို ပြင်ဆင်မှုများပြုလုပ်ခဲ့ကြောင်း Austrade ကသတင်း ထုတ်ပြန်ထားသည်။ အများပြည်သူနှင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ကာ ပို့ကုန်ဥပဒေများကို ပြန်လည်သုံးသပ်ပြီးနောက် ယခုကဲ့သို့ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များအတွက် ပြင်ဆင်ချက်များ ထွက်ပေါ်လာခြင်းဖြစ်သည်။ ပြောင်းလဲမှုရှိသည့် ပြဋ္ဌာန်းချက်များတွင် တိရစ္ဆာန်၊ အသား၊ အထွေထွေ၊ အော်ဂဲနစ်ကုန်စည်များ၊ အပင်၊ ကြက်၊ ဘဲ၊ ယုန်နှင့် ခြေတံရှည်ငှက်အုပ်စု (ratite) နှင့် အမဲလိုက်ခြင်း (Wild Game) တို့ပါဝင်ပြီး၊ ဥများ၊ငါး၊ နွားနို့နှင့် သစ်သားဆိုင်ရာ စည်းမျဉ်းများမှာ ပြောင်းလဲမှုမရှိကြောင်း သိရှိရသည်။ စည်းမျဉ်းများဆိုင်ရာပြောင်းလဲမှုအများစုသည် အသေးအဖွဲဖြစ်သော်လည်း အသားနှင့်အသားထုတ်ကုန်များ၊ အပင်နှင့် အပင်ထွက်ပစ္စည်းများအတွက် သိသိသာသာ ပြောင်းလဲမှုများ ပြုလုပ်ထားကြောင်းသိရှိရသည်။

အသားနှင့် အသားထုတ်ကုန်များအတွက် အစားအသောက် ဘေးကင်းရေးဆိုင်ရာ အသားအကဲဖြတ်သူများ (Food Safety Meat Assessors) သည် တင်သွင်းသည့် နိုင်ငံတစ်ခုမှ လိုအပ်သည့်အခါတွင် အသားစစ်ဆေးခြင်း လုပ်ငန်းများကိုလုပ်ဆောင်ပေးမည်ဖြစ်သည်။ ဤချဉ်းကပ်မှုကိုလုပ်ငန်းကဏ္ဍနှင့် သဘောတူညီထားပြီး၊ အကယ်၍ ဩစတြေးလျအစိုးရ၏ အခွင့်အာဏာရှိ အရာရှိများက စစ်ဆေးမှု လုပ်ဆောင်နိုင်ပါက အစားအသောက်ဘေးကင်းရေးဆိုင်ရာ အသားအကဲဖြတ်သူများက အဆိုပါဝန်ဆောင်မှုကို ဆောင်ရွက်ပေးမည်မဟုတ်ကြောင်း သိရှိရသည်။ စိုက်ပျိုးရေး၊ ရေနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနသည် ဩစတြေးလျနိုင်ငံမှ အပင်နှင့်အပင်ထွက်ကုန်များ (စပါးကဲ့သို့သော) တင်ပို့သည့် သင်္ဘောများကို စစ်ဆေးခြင်းအတွက် စည်းမျဉ်း၊ စည်းကမ်းများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးမည်ဖြစ်သည်။ စစ်ဆေးရေးအလေ့အကျင့်များသည် မျှော်မှန်းထားသည့် စံနှုန်းများနှင့် ကိုက်ညီကြောင်းသေချာမှုရှိစေရန်အတွက် ပိုမိုထိရောက်သော အပြန်အလှန်ထိန်းကျောင်းမှုများရှိမည်ဖြစ်ကြောင်း သိရှိရသည်။ ယခုပြုပြင်မှုများသည် ပို့ကုန်ဥပဒေရည်ရွယ်ချက်အတွက် အံဝင်ခွင်ကျဖြစ်နေပြီး၊ တိုးတက်မှုနှင့်ဆန်းသစ်တီထွင်မှုကို ပံ့ပိုးပေးကြောင်း သေချာစေသည့်အပြင် ၎င်းတို့သည်ခိုင်မာသော စည်းမျဉ်းစည်းကမ်းနှင့် ကြီးကြပ်မှုကိုထိန်းသိမ်းထားကာ ကုန်တင်သွင်းသည့် နိုင်ငံများ၏ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိစေကြောင်း သိရှိရသည်။

Source: Austrade (စီးပွားရေးသံမှူး-ဩစတြေးလျ)

## ဩစတြေးလျနိုင်ငံတွင် ကောက်ပဲသီးနှံစိုက်ပျိုး ထုတ်လုပ်သူများအတွက် “အထွက်နှုန်း မြင့်မားသော ကောက်ပဲသီးနှံစီမံကိန်း” ဆောင်ရွက်လျက်ရှိ

ဩစတြေးလျနိုင်ငံ အရှေ့တောင်ပိုင်းရှိ ကောက်ပဲသီးနှံစိုက် တောင်သူများသည် နိုင်ငံအဆင့်ပျမ်းမျှစိုက်ပျိုးမှုထက် ငါးဆခန့်ရှိသော ဂျုံသီးနှံအမြောက်အမြားကို စိုက်ပျိုးသည့် အလေ့အထရှိပြီး၊ မကြာသေးမီနှစ်များအတွင်း ဂျုံသီးနှံအထွက်နှုန်းမှာသိသိသာသာမြင့်တက်လာခဲ့သည်။ တောင်ပိုင်းဩစတြေးလျပြည်နယ် Rendelsham တွင် ဂျုံအထွက်နှုန်းမှာ တစ်ကေလျှင် ၁၁.၇ တန်ရရှိနေပြီး၊ ယင်းသို့ အထွက်နှုန်းမြင့်တက်ရခြင်း၏ အဓိကအကြောင်းရင်းမှာ “အထွက်နှုန်း မြင့်မားသော ကောက်ပဲသီးနှံစီမံကိန်း” ၏ ပံ့ပိုးမှုကြောင့်ဖြစ်ကြောင်း သိရှိရသည်။ ကောက်ပဲသီးနှံသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု ကော်



ပိုရေးရှင်း၏ ရန်ပုံငွေဖြင့် သုတေသနပြုထားသည့်နေရာသည် မိုးရွာသွန်းမှုမြင့်မားသောဒေသများ၏ အလားအလာကို အမြင့်ဆုံးဖြစ်စေရန်အတွက် ရည်ရွယ်ပါသည်။ ဩစတြေးလျနိုင်ငံ တစ်ဝှမ်းရှိ နေရာ(၅)ခုတွင် မိုးရွာသွန်းမှုမြင့်မားသော သီးနှံစိုက်ပျိုးသည့်ဒေသများ၏ အလားအလာကို မည်သို့မည်ပုံ မြှင့်တင်ရန် သုတေသနပြုလျက်ရှိကြောင်း သိရှိရသည်။ စီမံကိန်းဦးဆောင်သူ၏ ပြောကြားချက်အရ ဒေသအတွင်း အထွက်နှုန်းအများဆုံး၊ ဈေးအသက်သာဆုံး၊ ရေရှည်တည်တံ့မှုအရှိဆုံး စိုက်ပျိုးနိုင်သော မျိုးစိတ်များကိုရှာဖွေရန် ဂျုံနှင့် မုယောစပါး စမ်းသပ်စိုက်ပျိုးထားသည့် အကွက် (၁၀၀၀) ခန့်ရှိကြောင်း သိရှိရသည်။ စီမံကိန်း၏ ဦးစားပေးလုပ်ဆောင်ရမည့် အချက်မှာ အအေးပို၍ စိုစွတ်သောရာသီဥတုနှင့် လိုက်ဖက်သော မျိုးကွဲများကို ရှာဖွေရန်ဖြစ်သည်။

သုတေသီများသည် ရာသီဥတုနှင့် ကိုက်ညီသော ဥရောပမျိုးကွဲများကို စိုက်ပျိုးထားကြပြီး၊ ယခုနှစ် ပထမဆုံးအကြိမ်စမ်းသပ်မှုတွင် ပြင်သစ်မုယောစပါးသည် တစ်ဧကလျှင် (၁၀) တန်နှင့် ဂျုံအထွက်နှုန်း တစ်ဧကလျှင် (၁၂) တန် ကျော်ထွက်ရှိကြောင်း သိရှိရသည်။ စီးပွားဖြစ် မထုတ်လုပ်ရသေးသော်လည်း စိုက်ပျိုးသူများအနေဖြင့် အားတက်စရာရလဒ်များကို မြင်တွေ့နေရပြီဖြစ်သည်။ ထို့အပြင် ကုန်ကျစရိတ် လျှော့ချခြင်းသည် အထွက်နှုန်းမြင့်မားသော သီးနှံစီမံကိန်း၏ ဦးစားပေးလုပ်ငန်း တစ်ခုဖြစ်သည်။ အထွက်နှုန်းတိုးရန် နိုင်ထရိုဂျင်ပမာဏများစွာကို အသုံးပြုရသည်ဖြစ်ရာ ဓာတ်မြေသြဇာဈေးများ ကြီးမြင့်လာသည်နှင့်အမျှ ထုတ်လုပ်မှုကုန်ကျစရိတ် မြင့်တက်လာနိုင်သည်။ စိုက်ပျိုးသူအများစုသည် ၎င်းတို့အနေဖြင့် ကိုင်တွယ်နိုင်ရန် ကောက်ပဲသီးနှံအပင်များကို တိုတောင်းပြီး၊ သန်မာစေရန် အပင်အားတိုးဆေးများဖြန်းသည့်အပြင် မှိုသတ်နည်းမျိုးစုံကိုလည်း အားကိုးလျက်ရှိကြောင်း သိရှိရသည်။ ကောက်ပဲသီးနှံစိုက်ပျိုးသူများ အမှန်တကယ်လိုအပ်သော အထွက်နှုန်းမြင့်မားခြင်း၊ ရောဂါခံနိုင်ရည်ရှိရုံသာမက ရေရှည်ရပ်တည်နိုင်စွမ်းတို့ကို ယခုဆောင်ရွက်လျက်ရှိသော "အထွက်နှုန်းမြင့်မားသော ကောက်ပဲသီးနှံစီမံကိန်း" မှ ရရှိရန် မျှော်မှန်းထားကြောင်း သိရှိရသည်။

Source: www.abc.net.au

(စီးပွားရေးသံမှူး-ဩစတြေးလျ)

**သတင်းများ**

| | | |
|---|---|---|
| **China (Nanning)** | **-** | **၅** |
| **India** | **-** | **၃** |
| **Belgium** | **-** | **၃** |
| **China (Hong Kong)** | **-** | **၃** |
| **China (Kumning)** | **-** | **၂** |
| **Singapore** | **-** | **၂** |
| **Brazil** | **-** | **၂** |
| **Korea** | **-** | **၂** |
| **Thailand** | **-** | **၂** |
| **Australia** | **-** | **၂** |
| **Japan** | **-** | **၁** |
| **South Africa** | **-** | **၁** |